
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၀၉၃၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၁၃၆၁၀၁၁ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌွေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ ・ ၈၃
ပြည့်ပိုင်မှူးအိမ်
အလုပ်သင်နှင်းဆီ/ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) အလုပ်သင်နှင်းဆီ


www.burmeseclassic.com

www.burmeseclassic.com



“မင်းသမီးအနေနဲ့ပေါ့နော် နောက်ဆုံးဘာများပြောချင်ပါသလဲရှင်”

“ဟယ်. . . ယွန်းနှင်းဆီ နှင့်အမေးကလည်း မပြောကောင်းမဆိုကောင်းကြီး”

သူမ၏မေးခွန်းကို မဖြေဘဲ ဝတီနွယ်က အတွန့်တက်သည်။

“နေပါဦး ငါ့မေးခွန်းက ဘာဖြစ်နေလို့တုန်း”

လက်ထဲမှာကိုင်ထားသော TV ရီမုဒ်ကွန်ထရိုးကို စားပွဲပေါ်ဆောင့်ချရင်း သူမပြန်၍မေးဖြစ်သည်။ သူငယ်ချင်းဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဝတီနွယ်က. . .

"နင်ပဲစဉ်းစားကြည့်လေ. . . နောက်ဆုံး ဘာများပြော ချင်လဲဆိုတော့ ငါက သေခါနီးနေပြီမို့လို့ပဲ မေးသလိုလို၊ ကြိုးစင် တက်ခါနီးမို့လို့ပဲ နောက်ဆုံးဆန္ဒကို မေးသလိုလိုနဲ့ ကျောချမ်းစရာ ကြီး၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေတော်၊ ယောကျ်ားကရသေးတာ မဟုတ်ဘူး"

ဟု ရှည်လျားစွာဆိုသည်။

"ဒါဖြင့် ငါက ဘယ်လိုမေးရမှာလဲ"

သူမ၏ခေါင်းကို ကုတ်ကာဆိုဖြစ်သည်။

"မရွှေချောရယ်. . . အနုပညာသတင်းထောက် ဖြစ်ချင် တာကလည်း တစ်ပိုင်းကိုသေလို့၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေက အင်တာဗျူးတွေလည်း နင့်လောက်ဖတ်တာ နင်ပဲရှိတယ်၊ အခု ထက်ထိလည်း အမြီးအမောက်တည့်အောင် ဘာမှမမေးတတ် သေးဘူး"

"အေးဟယ်"

"ဒါတောင် နင်ဗျူးနေတာက ငါမို့လို့နော်၊ နင်သာ နာမည် ကျော် အနုပညာရှင်တွေနဲ့ နဖူးတွေ့ဒူးတွေ့များ ကြုံရရင် ပိုရင်ခုန် ပိုစိတ်လှုပ်ရှားပြီးတော့ ပိုမှားဦးမှာ"

"ဟုတ်ပ"



www.burmeseclassic.com

www.burmeseclassic.com



ဝတီနွယ်၏ စကားအဆုံးမှာ သူမ 'ဟုတ်ပ'ဟု ထောက်ခံဖြစ်သည်။ ပြီး သက်ပြင်းကို ချဖြစ်သည်။

"ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါဆိုတာက နတ်တွေဆီမှာပဲ တောင်းပန်လို့ရတာနော်၊ အနုပညာရှင်တွေဆီမှာ မရနိုင်ဘူး"

"မှန်တယ်"

သူမခေါင်းညိတ်ကာ 'မှန်တယ်'ဟု ထောက်ခံဖြစ်သည်။ ပြီး. . .

"ကဲ. . . ကဲ အစကနေပြန်ဖျူးမယ်ဟာ"

ဟု ဆိုဖြစ်သည်။

"ဟော့တော်. . . ဖျူးဦးမလို့လား၊ နင် ငါ့ကို တော်ရုံပဲ နှိပ်စက်ပါဟယ်၊ ကော်ဖီလေးတစ်ခွက်တိုက်ပြီးတော့ မုန့်မပါဘာမပါနဲ့ ထိုင်ခိုင်းထားတာ တစ်နာရီခွဲလောက်ရှိပြီ၊ ငါ့နေရာမှာသာ တကယ့်မင်းသမီးအစစ်သာဆို နင့်ကို ကော်ဖီပန်းကန်နဲ့ ကောက်ပေါက်လောက်ပြီ"

ဝတီနွယ်က မျက်နှာကြီးရှုံ့မဲ့ကာ ဆိုသည်။

"နင်ကလည်း ကိုယ့်သူငယ်ချင်း အချင်းချင်းကိုပဲ တွက်နေချက်နေလိုက်တာ၊ ပါရမီဖြည့်တယ်လို့ သဘောထားစမ်းပါ"

"အေးပါ. . . လောလောဆယ်တော့ နင်ပြောသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မဖြစ်ဘူး မဖြစ်ဘူး၊ မြန်မြန်ယောက်ျားယူပြီး ငါလည်း ဒီရပ်ကွက်က ရွှေ့နိုင်အောင် ကြိုးစားမှဖြစ်မယ်၊ မဟုတ်ရင် မလွယ်ဘူး"

ဝတီနွယ်က ပွစိပွစိ ရေရွတ်သည်။

"ကဲပါ. . . အခု နင်က ဖိုက်တင်မင်းသမီး ဖြစ်သွားပြီ၊ ရိုးရိုးမင်းသမီးမဟုတ်ဘူး၊ ငါမေးတာကို နင်အလိုက်သင့်ပဲဖြေ"

"အေးပါဟယ်. . . ဝင့်ရှိသ၍ ဖြေပါ့မယ်"

သူမ၏စကားကို ဝတီနွယ်က မျက်နှာငယ်လေးနှင့် တုံ့ပြန်သည်။

"မ. . . ကပေါ့နော် အခုကားပေါင်း ဘယ်လောက်လောက် ရိုက်ပြီးသွားပြီလဲဟင်၊ တော်တော်တော့များပြီနော်"

သူမက TV Remote Control ကို ကောက်ကိုင်ရင်း မေးဖြစ်သည်။ ဝတီနွယ်က တကယ့်မင်းသမီးအထာဖြင့် မျက်နှာကို ချိုကာထားသည်။ ပြီး. . .

"ကားတွေက အရမ်း ဟမ်းဟမ်း များပြီပေါ့နော်၊ ကားကြီးရော DVD ရော၊ ဗီဒီယိုရောဆိုရင် ကားပေါင်း တစ်သောင်းစွန်းစွန်း ရှိလောက်ပြီပေါ့၊ အဟက် ဟက်"

"ဩော်. . . တော်တော်များပြီပဲ၊ ဖိုက်တင်မင်းသမီးဆိုတော့ မယ့် မ. . က ကာရိုက်တာအစုံလည်း ရတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အမေးကို ဝတီနွယ်က တကယ့်မင်းသမီးလို ဟန်ဆောင်ပန်ဆောင် ဟက်ခနဲရယ်လိုက်ရင်း. . .

"စုံတာတော့ တော်တော်လေးစုံပြီပေါ့နော်၊ ဒါပေမယ့် အရှုံးကွက်ပေါ့နော်၊ ဖိုက်တင်ကို ရှုံးပြီးချရတဲ့ ကာရိုက်တာလေး မလုပ်ရသေးဘူး၊ အဲဒါမျိုးလေး ကြုံရင် လုပ်ပြချင်ပါသေးတယ်၊ ရှုံးတဲ့ကာရိုက်တာကို သရုပ်ဆောင်ရတာက အရမ်း အရမ်းလွယ်တယ်လေ၊ ဒါပေမယ့် လူကရှုံးသွားပေမယ့် သိုင်းကွက်တွေက မသိစိတ်ထဲမှာ ကျန်နေပြီးတော့ အဲဒီမသိစိတ်နဲ့ပဲ အရှုံးကွက်တွေ နင်းပြီးတော့ ဖိုက်တင်ချတာမျိုးပေါ့၊ ရန်သူအင်အား တစ်သောင်း လောက်ကို မ တစ်ယောက်တည်း ချေမှုန်းပစ်လိုက်တာမျိုးပေါ့ နော်၊ တကယ့် လူအစစ်တစ်သောင်းနဲ့ ခမ်းခမ်းနားနားကြီးပေါ့ နော်၊ နိုင်ငံတကာအဆင့်မီပေါ့နော်၊ ရှယ်. . . ပေါ့နော် လုပ်ပြချင် ပါသေးတယ်"

"တိုတိုတုတ်တုတ်ဖြေစမ်းပါဟယ်၊ အရှည်ကြီးမလုပ်စမ်း ပါနဲ့"

ဝတီနွယ်၏ စကားအဆုံးမှာ သူမဆိုဖြစ်သည်။ ဆိုဖြစ်ဆို TV Remote Control ကိုင်ထားရသည်က ညောင်းသည်ကိုး။

"ဟဲ့. . . တချို့အဖြေက ပြည့်ပြည့်စုံစုံ ဖြေရလုံလောက်တာ၊ ဘာမှလည်း နားမလည်ဘဲနဲ့၊ ကဲ ပြီးပြီလား နင့်အင်တာဗျူး

www.burmeseclassic.com

www.burmeseclassic.com



တ"

"ဘယ်ပြီးဦးမှာလဲ. . . အင်း ဘာဆက်မေးရမလဲဆို တော့၊ ဟိုပေါ့နော် ဒီလောကထဲကို စဝင်လာတုန်းက ဇာတ်ကား လေးရဲ့နာမည်ကိုလည်း သိပါရစေနော် . . . မ"

"လက်မရွံ့ခင်ပိန်ပါ"

"ဟင်. . . ခင်ပိန်တဲ့လား၊ နာမည်က တစ်မျိုးကြီးနော်"

သူမ ဝတီနွယ်ကို ခပ်ငေါ့ငေါ့ဆိုဖြစ်သည်။

"ဟုတ်တယ်. . . အဲဒီတုန်းက မက ပိန်ပိန်လေးလေ၊ အဟက်ဟက်"

ဝတီနွယ်က သူမထက်ပို၍ ရွှတ်သည်။ တဟက်ဟက်ပင် ရယ်ချလိုက်သေးသည်။

"အခုဆိုရင်ပေါ့နော်. . . မျိုးဆက်သစ် ဖိုက်တင်မင်းသမီး တွေကလည်း အပြိုင်အဆိုင်ပေါ်လာကြတယ်လေ"

"ဘာပေါ်လာတာလဲဟင်"

"ဖိုက်တင်ကိုပြောတာ၊ လျှာမရှည်နဲ့"

ဝတီနွယ်၏ ပြောင်ချော်ချော်အမေးကို သူမ ပိတ်၍ဆိုဖြစ် သည်။

"ဟဲ့. . . ဟဲ့ ယွန်းနှင်းဆီ ငါက မင်းသမီးလေ၊ နင်က အင်တာဗျူးနေတဲ့ သတင်းထောက်လေ၊ လျှာမရှည်နဲ့လို့ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



လား"

"sorry...sorry မှားလို့၊ အဲ စောစောက ဘယ်ရောက်သွားပါလိမ့်၊ အဲ ဟုတ်ပြီ ဟိုပေါ့နော် အခုနောက်တက်လာတဲ့ ကြိုးစားနေတဲ့ ဖိုက်တင်မင်းသမီးတွေကို မ,အနေနဲ့ ဘာများပြောချင်ပါသလဲရှင့်"

သူမ၏မေးခွန်းအဆုံးမှာ ဝတီနွယ်က ချောင်းကိုဟန့်သည်။

"အဟော်. . . ဒါလား"

ဒါလားဟုဆိုရင်း ဆံပင်ကို သပ်သည်။ အထာက မင်းသမီးအစစ်အထာ။ အတော်ကြာအောင် ဆံပင်သပ်လိုက်၊ အင်္ကျီလေးဆွဲချလိုက် လုပ်နေပြီးမှ နှုတ်ခမ်းကို အနည်းငယ်မဲ့လိုက်ရင်း. . .

"ဖိုက်တင်မင်းသမီးကောင်းတစ်ယောက် ဖြစ်ဖို့ဆိုရင် နဖူးလည်းကွဲဖူးရမယ်၊ ဒူးလည်း ပြဲဖူးရမယ်၊ အဲဒီလိုပဲ နဖူးကွဲဖူးသလို နဖူးလည်းခွဲဖူးရမယ်၊ Mood ကပ်သွားရင်ပေါ့နော်၊ ဒူးလည်းပြဲဖူးသလို ဒူးလည်းခွဲဖူးရမယ်၊ အဲဒါမှ ခံစားချက်အစစ်နဲ့ ဖိုက်တင်မင်းသမီးပီပီသသနဲ့ အနာလည်းခံဖူး၊ အသာလည်းစံဖူးပြီး ဒီလောကထဲမှာ ရှင်သန်နိုင်မှာပါလို့"

"ဟုတ်. . . ကျေးဇူးတင်ပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . ငါ ပြန်လို့ရပြီလားဟင်"

သူမ၏စကားအဆုံးမှာ ဝတီနွယ်က မျက်နှာငယ်လေးနှင့် ဆိုသည်။

"အေး. . . ပြန်တော့ မနက်ဖြန်ကျလာခဲ့ဦးနော်"

"စိတ်ချ. . . ယောကျ်ားမရသေးရင်တော့ လာခဲ့ပါ့မယ်"

သူမ၏အမှာစကားကို ဝတီနွယ်က ခပ်ငေါ့ငေါ့ဆိုကာ ထွက်သွားသည်။ ဘာရယ်မဟုတ် သူမ ဟက်ခနဲရယ်ဖြစ်သည်။ လက်ထဲမှာတော့ TV control ကို ကိုင်ထားဆဲ။

xxxxx

ဝို း မို း ၀ ၁ ၆ ၀

www.burmeseclassic.com

www.burmeseclassic.com



If at first you don't success, try again.

စလုပ်လုပ်ချင်း မအောင်မြင်ရင်

ကြိုးစားပြီးရင်းသာ ထပ်ကြိုးစားပါ။

William Edward Hickson

×××××

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ကျွန်တော့်ကို မင်းသားရဲ့အချစ်ရေးနဲ့ ပတ်သက်ပြီး နည်းနည်းလောက် ပြောပြပေးနိုင်မလား"

အနုပညာသတင်းထောက်တစ်ယောက် ဖြစ်ချင်သည့်မို့ မဂ္ဂဇင်း၊ ဂျာနယ်မှ အင်တာဗျူးမှန်သမျှ အကုန်ဖတ်ကာ မေးခွန်းမှန်သမျှ အကုန်အလွတ်ကျက်ပြီး အိမ်မှလူကုန် တစ်ယောက်မကျန် အလွတ်မပေးဘဲ အင်တာဗျူးတတ်သော သူ၏ဒဏ်ကို ယခုခံနေရသူက အဘိုးဖြစ်သူပဲ ဖြစ်သည်။

အဘိုးက. . .

"ငါ့မြေး မကြားဘူး၊ အဘိုးကို ကျယ်ကျယ်ပြော"

www.burmeseclassic.com

www.burmeseclassic.com



ဟု တုန်ယင်စွာဆိုသည်။ တုန်ယင်ဆို အဘိုးက အသက်ရှစ်ဆယ်ကျော်ပြီကိုး။

"မင်းသားရဲ့ အချစ်ရေးလေး ပြောပြပေးပါလို့ မေးတာပါ"

သူ အသံကိုတင်ကာ အော်မေးမေးဖြစ်သည်။

"ဪ. . . အရှစ်ယေးလား"

ရှေ့သွားများမရှိတော့သော အဘိုးက တစ်ခါတလေ စကားမပီတော့။

"ဟုတ်ကဲ့. . . အရှစ်ယေး အဲလေ. . . အချစ်ရေး ဟုတ်တယ် အချစ်ရေး"

"အရှစ်ယေးကို မစဉ်းစားသေးပါဘူး၊ ကိုယ်ကလည်း ငယ်သေးတော့ ငယ်တုန်းရွယ်တုန်း ပရိသတ်ကို အနုပညာနဲ့ ပေးဆပ်ချင်သေးတယ်၊ ယင်ထဲမှာ(ရင်ထဲမှာ) ပါရိတ်သတ်ပဲ (ပရိသတ်ပဲ) ယှိဘာဒယ်(ရှိပါတယ်)လို့ ပြောချင်ဘာဒယ်(ပြောချင်ပါတယ်)"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ အဘိုး၊ အဲလေ. . . မင်းသား"

အဘိုးနှင့် သူနှင့် အင်တာဗျူးလုပ်နေသည်ကို ကြည့်ပြီး ဘေးမှာရှိနေသော ဘော်ဒါဖြစ်သူ ခန့်ပိုင်က ရယ်သည်။

"ဟကောင်. . . ကူညီပါဆိုတော့ မကူညီဘဲနဲ့ လာရယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တွာ၊ မင်း ငါ ပိတ်ကန်မိမယ်"

သူ့စကားက အတော်လေးတာသွား၏။ မရယ်နဲ့ဟူသော သူ့စကားကို ပြောင်ပြောင်ကြီးဆန့်ကျင်ကာ သကောင့်သားက ခွီးခနဲရယ်သည်။

"မရယ်ဘဲနေနိုင်မလားကွ၊ မင်းအင်တာဗျူးနေတဲ့ မင်းရဲ့ မင်းသားက အသက်ရှစ်ဆယ့်ကျော်တာတောင် သူ့ကိုယ်သူ ငယ် သေးတယ်ဆိုတော့ ဇာတာထဲကလို အသက်တစ်ရာ့နှစ်ဆယ်နေ ပြီးတော့ အသက်တစ်ရာကျော်မှ ရည်းစားထားပြီး မိန်းမယူမှာလား လို့ တွေးမိလို့ပါ၊ အဟီး"

အဆုံးသတ်ကို 'ဟီး'ခနဲရယ်လိုက်ရင်း ဆိုသည်။

"ဟကောင်ရ နိုင်ငံခြားမှာဆို ဒီလိုပဲ ရှစ်ဆယ်ကျော်အဘိုး နဲ့ နှစ်ဆယ်သုံးဆယ် မင်းသမီးတွေ အဆင်ပြေရင် ပြေသလို တွဲနေ ကြတာ မင်းမကြားဖူးဘူးလား၊ အဲဒါပြောတာပေါ့ မင်း ခေတ်မမှီ တော့ဘူးလို့၊ အခုခေတ်မှာကွာ တချို့မင်းသမီးတွေတောင် ငယ်ချင် လွန်းလို့ စကားပြောရင် သူတို့ကိုယ်သူတို့ သမီးက သမီးကနဲ့ ပြောကြတယ်မဟုတ်လား၊ အဲဒါ စတိုင်ကွ. . . စတိုင်"

"အဲဂလိုလား"

"ဟုတ်တယ်၊ အဲဒါ စ. . . . တိုင်"

စ. . . နှင့် တိုင်ကြားကို အသံဆွဲကာ 'စတိုင်'ဟု သူဆို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဒါဖြင့် အဲဒီမင်းသမီးတွေ သူတို့ကိုယ်သူတို့ ရှယ်တူချင်းလည်းမရှောင်၊ ကိုယ့်ထက်ငယ်တာကိုလည်းမရှောင် သမီးကလေးသမီးကလေးလို့ ပြောရင်း အန်တီချိုပြုံးတို့လို အမေဒေါ်နွဲ့နွဲ့စမ်းတို့လို အရွယ်အထိ အကျင့်ပါပြီး သမီးကလေး. . . သမီးကပေါ့နော် တွေ လုပ်နေရင် ဒုက္ခပဲကွာ"

ပြောရင်း ခန့်ပိုင်က ခွီးခနဲရယ်ပြန်သည်။

"အဲဒါ မင်းအပူမပါပါဘူး၊ အသက်တစ်ရာ့နှစ်ဆယ်ထိနေရလို့ အသက်တစ်ရာ့နှစ်ဆယ်ထိ သူတို့ကိုယ်သူတို့ သမီးကလေးသမီးကနဲ့ ပြောသွားတော့လည်း စ. . . တိုင်ပေါ့ကွာ၊ ဘာဖြစ်လဲကွ"

မျက်လုံးစုံမှိတ်ကာ ဇွတ်ပင် သူဆိုဖြစ်သည်။

"သူ့ဟာနဲ့သူ့ အဆင်ပြေရင်လည်း ပြီးတာပါပဲကွာ"

ပြောရင်း သကောင့်သားက တခွီးခွီးဖြင့် ဆက်ရယ်သည်မို့ ဘာရယ်မဟုတ် သူပါ ရောရယ်ဖြစ်သည်။

"အဲဒါက ငယ်ချင်လို့ပြောတာမဟုတ်ဘဲ သူတို့ကိုယ်သူတို့ နှိမ့်ချချင်လို့ပြောတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ"

ခန့်ပိုင်က အရယ်တစ်ဝက်နှင့် ကောက်ချက်ချသည်။ 'ဒါပဲလေ မင်း အကောင်းမြင်တတ်လာပြီ'ဟု သူပြန်၍ ဆိုဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် နင့်ဆီ ငါမလာချင်တာ"

နှင်းအိက မျက်နှာကြီးရှုံ့မဲ့ကာ ဆိုသည်။

"ငါက ဟိုတစ်နေ့က အမျှခံပြီးပြီနော် သယ်ဂျင်း"

ဝတီနွယ်က အသနားခံသော လေသံဖြင့် မျက်လုံးကို ပေကလပ် ပေကလပ်လုပ်ရင်း မျက်နှာချိုသွေးကာ ဆိုသည်။

"ဒီနေ့လည်း ထပ်အမျှခံဦးပေါ့ဟာ၊ ဟိုတစ်နေ့ကမျှတာက ဂျာနယ်တစ်စောင်၊ ဒီနေ့မျှတာက အခြားဂျာနယ်တစ်စောင် လို့ သဘောထားစမ်းပါ"

သူမ၏စကားအဆုံးမှာ ဝတီနွယ်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလား"

ဟု မျက်နှာငယ်လေးနှင့်ဆိုရင်း သက်ပြင်းကိုချသည်။

"ကဲ. . . ကဲ စလိုက်ရအောင်"

သူမက နှင်းအိကို လှမ်းကြည့်ရင်း ဆိုဖြစ်သည်။

"ငါ. . . ငါ့ကို အရင်ကျေးမလို့လား"

"အေးလေ. . . ဘာဖြစ်လို့လဲ"

သူမ နှင်းအိကို ပြန်၍မေးဖြစ်သည်။

"မဟုတ်ဘူးလေဟာ. . . အခု ငါက မင်းသမီးနေရာက ဖြေရမှာလား၊ အဆိုတော်နေရာက ဖြေရမှာလား၊ ဒါမှမဟုတ် အခြားအနုပညာရှင်နေရာက ဖြေရမှာလားလို့ မေးမလို့ပါ"ဟု နှင်းအိက သနားစဖွယ် ဆိုသည်။

"ဟုတ်သားပဲ"

နှင်းအိ၏အဆိုကို ဝတီနွယ်က 'ဟုတ်သားပဲ'ဟု ထောက်ခံသည်။

"အင်း. . . ဒီလိုလုပ်၊ နင်က ဘက်စုံရ အနုပညာရှင်ကြီးပေါ့ဟာ၊ သရုပ်ဆောင်လည်းလုပ်တယ်၊ သီချင်းလည်းဆိုတယ်၊ ပန်းချီလည်းဆွဲတယ်၊ ပန်းပုလည်းထုတယ်၊ စာလည်းမျိုးစုံရေးတယ်၊ နယ်ဘက်ကို ကားရိုက်သွားရင်း အားတဲ့အချိန်မှာ ရှုခင်းတွေကို ဓာတ်ပုံတွေရိုက်တယ်၊ ဒါရိုက်တာလည်း လုပ်. . . လုပ်"

www.burmeseclassic.com

www.burmeseclassic.com



"များနေပြီ. . . သယ်ဂျင်း၊ လျှော့ဦး. . . လျှော့ဦး"

သူမ၏စကားမဆုံးခင်မှာ ဝတီနွယ်က ဝင်၍ဆိုသည်။

"မများဘူး ဘက်စုံရပါတယ်လို့ဆို"

"အဲဒီလောက်ကြီးကတော့ အပြင်မှာမရှိနိုင်ဘူး မမယွန်း နှင်းဆီရေ"

နှင်းအိက ရွှဲ့တဲ့တဲ့ဆိုသည်။

"ကဲပါ. . . အဲဒါနဲ့ပဲ အချိန်ကလင့်ကုန်ပြီ၊ နင်တို့ကို ဗျူးပြီးမှ ငါက လက်ဖက်သုပ်ကျွေးမှာနော်၊ မြန်မြန်နဲ့ မှန်မှန်လေးဖြေကြ"

"တော်ပြီဟာ. . . ဗျူးလည်းမဗျူးနဲ့တော့၊ လက်ဖက်သုပ် လည်း မစားရရင်နေပါစေတော့၊ ဒီအတိုင်းပဲ အလ္လာပ သလ္လာပ ပြောရအောင်"

"မရဘူး"

နှင်းအိ၏ စကားအဆုံးမှာ သူမက 'မရဘူး'ဟု ဆိုဖြစ်သည်။

"ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်တွေကမှ ဒီကိစ္စကို မကူညီချင်ရင် ဘယ်သူက ငါ့ကိုလာကူညီမှာလဲ၊ နင်တို့ကလည်း ဟာ ဒီကိစ္စလေးကိုတောင်မှ မကူညီချင်ကြဘူးလား"

မျက်နှာကို ရှုံ့မဲ့ရင်းဆိုသော သူမ၏စကားကြောင့် နှင်းအိနှင့် ဝတီနွယ်က တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်ပြောတာပေါ့ တိုင်ပင်ဖော် တိုင်ပင်ဖက် ကူဖော်လောင်ဖက်လေးရအောင် ရည်းစားလေးဘာလေး ထားပါ ဆိုတော့ ဟိုလူဖြင့်မကြိုက်ဘူး၊ ဒီလူဖြင့်မမိုက်ဘူးနဲ့ ကြေးများနေပြီး တော့၊ နင်သာ ရည်းစားရှိရင် တစ်နေ့တစ်နေ့ နင့်ရည်းစားကိုပဲ ဗျူးနေရှုံပဲ"

နှင်းအိက မျက်စောင်းထိုးရင်း သူမကိုဆိုသည်။

"ရည်းစားထားစရာလား၊ ငါ့အပေါ်မှာ ဒီလောက်ကောင်း တဲ့ သူငယ်ချင်းတွေရှိနေမှတော့ ဘာရည်းစားမှ မလိုဘူး၊ မဟုတ် ဘူးလား"

သူမ၏ ခပ်ချွဲချွဲစကားကြောင့် သူငယ်ချင်းနှစ်ယောက် စလုံးက 'စကားကိုတတ်တယ်'ဆိုသောသဘောဖြင့် သူမကိုကြည့် သည်။

နှင်းအိက. . .

"ကဲကဲ. . ဗျူးမှာဖြင့်လည်း မြန်မြန်သာဗျူးတော့"

ဟု ဆောင့်ကြီးအောင့်ကြီး ဆိုသည်။

သူမက ဝမ်းသာအားရဖြင့် ရှေ့စားပွဲပေါ်တွင် အသင့်ရှိ နေသော Air-con Control ကို ကောက်ကိုင်ရင်း နှင်းအိကို အင်တာစဗျူးဖြစ်သည်။

"အစ်မက ဂီတမှာရော၊ ရုပ်ရှင်မှာရော၊ စာပေမှာရော၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပန်းပုဘက်ပါမကျန် ထူးချွန်တဲ့အပြင် ခာတ်ပုံဘက်မှာပါ ပုံကောင်းလေးတွေထွက်အောင် ရိုက်နိုင်တာ တွေ့ရတယ်နော်”

“ဟုတ်ကဲ့”

သူမ၏ ရှည်လျားသော စကားတို့ကို နှင်းအိက ‘ဟုတ်ကဲ့’ ဟူသော စကားနှစ်လုံးဖြင့် ဝတ်ကျေတန်းကျေ စိတ်မပါသလို တုံ့ပြန်သည်။

“အဲဒါ. . . ပေါ့နော် ဓာတ်ပုံကောင်းလေးတွေ ဘာကြောင့်ရတယ်ဆိုတာလေး ရှင်းပြပေးလို့ရမလား၊ အလင်းအမှောင်အယူအဆလေးတွေ၊ ကင်မရာ Angle အယူအဆစသဖြင့်ပေါ့နော် ဘယ်လိုပြင်ဆင်ခဲ့ရလဲရှင့်”

သူမ၏ မေးခွန်းအဆုံးမှာ နှင်းအိက ဆရာမကြီးအထာဖြင့် မျက်လုံးကိုစင်းကာထားရင်း ‘အ. . . ဟော်. . . ဒါလား’ဟု ဆိုရင်း ဟက်ခနဲ တစ်ချက်ရယ်သည်။ ပြီး. . .

“မက. . . ကင်မရာအကောင်းစား တစ်လုံးဝယ်ထားတယ်လေ၊ ဒီကင်မရာက ဘယ်လောက်ထိ ကောင်းလဲဆိုရင် ကင်မရာခလုတ်ပေါ် ကြောင်တက်နင်းမိရင်တောင်မှ ပုံကောင်းထွက်တဲ့ဟာမျိုးပေါ့၊ အဲဒီကင်မရာကြောင့် ပုံတွေကောင်းနေတာပါ”

“ဩော်. . . ဒါပေမယ့်လည်း မရဲ့ ကျွမ်းကျင်မှုတွေက

www.burmeseclassic.com

www.burmeseclassic.com



တော့ ပေါင်းစပ်ရမှာပေါ့နော်၊ အနည်းဆုံးတော့ ကင်မရာရဲ့ ဖန်ရှင် (Function) တွေကိုတော့ နှံ့နှံ့စပ်စပ် သိထားရမှာပေါ့"

နှင်းအိဓါ်အဖြေကို သူမထိန်းကာ ဆိုဖြစ်သော်လည်း နှင်းအိက ခေါင်းကိုခါသည်။

"ဘယ်ကလာ မကသာ အဲဒီကင်မရာရဲ့ Function ကို သိပြီး ကင်မရာကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်ဖို့အတွက်ဆိုရင် အနည်းဆုံး သုံးလလောက်ကို သင်တန်းတက်နေရမှာ၊ ဒီတော့ ပုံအားလုံးကို Auto (အော်တို)ထားပြီးတော့ ရိုက်လိုက်တာပဲ၊ ကင်မရာရဲ့ Function ကို Auto ထားပြီး ရိုက်လိုက်တော့ အလင်းအမှောင် (Lighting) ရော၊ Focus တွေရော ကင်မရာက သူ့ဟာသူ ချိန်ပြီး လုပ်သွားတယ်လေ၊ မက ခလုတ်လေးနှိပ်လိုက်ရုံပဲ၊ အဟက် ဟက်"

နှင်းအိက စကားအဆုံးမှာ 'အဟက်'ဟု အိုဗာအက်တင်ဖြင့် ရယ်သည်။

"ဟဲ့. . . နင်ကလည်း ဘယ်လိုကြီးဖြေတာလဲ"

Air-con control ကို စားပွဲပေါ် ဆောင့်ချရင်း သူမဆိုဖြစ်သည်။ နှင်းအိက 'ဘာဖြစ်လို့လဲ'ဟု အူကြောင်ကြောင် ပြန်မေးသည်။

"ဘာဖြစ်ရမှာလဲ မက ဒီကင်မရာရဲ့ Function ဆိုရော

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံပညာနဲ့ဆိုင်တဲ့ အချက်အလက်တွေကိုသိဖို့ စာအုပ်တွေ ဝယ်ဖတ်ပြီး လေ့လာဖြစ်တယ်၊ ဒါမှမဟုတ်ရင်လည်း နိုင်ငံခြားမှာ သင်တန်းသွားတက်ဖြစ်တယ်၊ ဒါမျိုးဖြေရမှာလေ၊ နောက်ဆုံးကျွာ ဆရာတို အိမ်ခေါ်သင်တယ်ဆိုတာလောက်ကတော့ လုပ်ရမှာပေါ့၊ ဒါမှ ဟုတ်ဟုတ်မဟုတ်ဟုတ် လူရှိန်မှာပေါ့"

"အဲဂလိုလား"

နှင်းအိက မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း 'အဲဂလိုလား'ဟု ဆိုသည်။

"အေး. . . အဲဂလို. . . အဲဂလို"

ဟု သူ ခပ်ဆောင့်ဆောင့် ဆိုဖြစ်သည်။

"အေး. . . အဲဒါဆိုရင်လည်း နင်ပြောသလိုပဲ ငါဖြေခဲ့တယ်လို့ သဘောထားလိုက်ပေါ့ဟာ၊ ကဲကဲ ဆက်မေး၊ အဲလေ ဆက်ဖျူး. . . ဆက်ဖျူး"

နှင်းအိက ရယ်ကျဲကျဲဖြင့် 'ဆက်ဖျူး'ဟု ဆိုသည်။

"တော်ပြီဟာ. . . ဓာတ်ပုံအကြောင်း မဖျူးတော့ဘူး၊ စာပေအကြောင်းပဲ ဖျူးတော့မယ်"

စိတ်ပျက်လက်ပျက်ဆိုရင်း စားပွဲပေါ်မှ Air-con control ကို ကောက်ကိုင်ဖြစ်သည်။

"ဟုတ်ကဲ့. . . မင်္ဂ စာပေဘက်မှာလည်း အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



တယ်နော်၊ ဘယ်အချိန်ကတည်းက စာတွေစရေးဖြစ်တာလဲဟင်"

"ဒါလား. . . မ စာစရေးဖြစ်တာကတော့ မူကြိုစနေကတည်းကဆိုပါတော့၊ အဲဒီမှာ ဝလုံးတွေ စရေးဖြစ်တာ"

"ဟဲ့"

နှင်းအိ၏အဖြေကို သူ ဟဲ့ဟု အော်ဖြစ်သည်။

"ဟုတ်တယ်လေဟာ. . . မူကြိုကတည်းက 'ဝ'လုံး စရေးခဲ့တာလေ၊ ငါဖြေတာ မမှန်လို့လား"

နှင်းအိက ရယ်ကျဲကျဲဖြင့် ဆိုသည်။

"ငါက အကောင်းမေးတာကို နင်က အကောင်းမဖြေချင်ဘူး၊ တော်ပြီ မမေးတော့ဘူး"

"မေးပါဟာ. . . ဖြေချင်လွန်းလို့၊ ကဲ ကဲ မေး"

"တော်ပြီ စိတ်မပါတော့ဘူး"

Air-con control ကို စားပွဲပေါ်ပစ်ချရင်း ဆိုသော သူမ၏စကားကြောင့် နှင်းအိတို့ နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မျက်ခုံးပင့်ကာ ပြုံးပြနေကြသည်ကို သူမ မြင်ဖြစ်အောင် မြင်လိုက်ရသည်။ သူမ အလုပ်မရခင်စပ်ကြား သူမ၏သူငယ်ချင်းများကတော့ သူမ၏ဒဏ်ကို ခံနေကြရဦးမည်ထင်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ အင်္ဂတာဗျူးဖြေတမ်း ကစားရတာ ပျော်စရာ ကောင်းတယ်၊ ငါက မင်းသမီးဖြစ်ချင်ပေမယ့် မဖြစ်ခဲ့ဘူး၊ ဒီတော့ အာသာဖြေတဲ့အနေနဲ့ နင်နဲ့ဆုံရင် စကားအကြီးကြီးတွေ လျှောက် ပြောရတာ ပျော်စရာကောင်းတယ်"

ခန့်ပိုင်၏ဘေးမှာ ထိုင်နေသော ဘော်ဒါဖြစ်သူ ပန်းနုငယ် ၏စကားအဆုံးမှာ ညှူပြုံးဖြစ်သည်။ မင်းသမီး မဖြစ်ခဲ့သော ပန်းနု ငယ်၏ ကိုယ်လုံးက ရုပ်ရှင်သရုပ်ဆောင်ပွင့်ထက်ပင် ပိုဝနေသည် တို့။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နင်ဘာဖြစ်လို့ မင်းသမီးမလုပ်ဖြစ်တာလဲဟင်"

သူ၏အမေးကို ခန့်ပိုင်က ခွီးခနဲရယ်သည်။ ပန်းနုငယ်က တော့ ခပ်တည်တည်ဖြင့် သက်ပြင်းကိုချသည်။

"ငါက ရုပ်ရှင်နယ်ပယ်ကို ခြေချချင်ပေမယ့် အိမ်က သဘောမတူဘူးလေ၊ နင်တို့သိကဲ့အတိုင်း ငါ့အိမ်က အခုထိ ငါ့ကို ကလေးလို့ထင်နေကြတုန်း၊ သူတို့ခွင့်မပြုတာကို ငါကလည်း ဖွတ်မလုပ်ချင်ဘူး"

ပန်းနုငယ်က စကားကို ခဏဖြတ်သည်။

"ငါသာ အနုပညာနယ်ပယ်ကို ခြေချဖြစ်ခဲ့ရင်လည်း အခု လောက်ဆို လျှမ်းလျှမ်းတောက်နေလောက်ပြီပေါ့ဟယ်၊ နင်တို့သိ တဲ့အတိုင်းပဲ ငါက ရုပ်ကလေးကလည်းရှိ၊ အရွယ်လေးကလည်း ကောင်း၊ အနုပညာကိုလည်း တကယ်ဝါသနာပါပြီးတော့ သရုပ် ဆောင်ရတာကို ရူးသွပ်နေတာမဟုတ်လား"

"အေးပေါ့ဟ"

ခန့်ပိုင်က ပန်းနုငယ်၏အဆိုကို ခပ်တည်တည်ဖြင့် ထောက်ခံသည်။ ပြီး သူ့ဘက်လှည့်ကြည့်ကာ မျက်လုံးတစ်ဖက် မှိတ်ပြသည်။ သဘောက 'အရောက်ပို့ရအောင်' ဆိုသည့်သဘော။

"နင်သာ မင်းသမီးလုပ်ဖြစ်ခဲ့ရင် အခုလောက်ဆို လျှမ်း လျှမ်းတောက်ရုံတင် ဘယ်ကမလဲ သရုပ်ဆောင်ကောင်းဆုွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီတွေ ဘာတွေတောင် ရလောက်ပြီပဟုနေ့ဘ်"

ခန့်ပိုင်က မချိုမချဉ်ဖြင့် ဆိုသည်။

"ဒါပေ့ါဟ. . . နင်သိတဲ့အတိုင်းပဲ ဒီခေတ်နာမည်ကြီးနေတဲ့ မင်းသမီးတွေထဲမှာ ဘယ်မင်းသမီးကများ ငါ့လောက်လှနေလို့လဲ"

"အေးလေ. . . ဘယ်မင်းသမီးမှလည်း နင့်လောက်မဝဘူး"

"ဘာ. . . ဘာပြောတယ်"

ပန်းနုငယ်၏စကားကို မှားယွင်းစွာ ထောက်ခံမှုကြောင့် ခန့်ပိုင်ကို သူမက 'ဘာပြောတယ်'ဟု ခပ်ဆတ်ဆတ်ဆိုသည်။

"ဒီလိုပါဟာ မြန်မာစကားပုံမှာ ဝမှလှတယ်ဆိုတဲ့အတိုင်း 'ဝလို့. . . လှလို့'ဆိုတာပဲရှိတယ်လေ၊ ပိန်လို့ လှလို့ဆိုတာမှ မရှိတာ၊ ဒီတော့ဟာ နင့်လိုမျိုး ဘယ်မင်းသမီးမှ လှလည်းမလှနိုင်ဘူး၊ ဝလည်းမဝနိုင်ဘူး၊ မမှီနိုင်ဘူးပေ့ါဟာ"

ခန့်ပိုင်က ခပ်တည်တည်ဖြင့် ဖြေရှင်းချက်ထုတ်သည်၊ ပန်းနုငယ်ကလည်း မခေ၊ စကားကို ရှေ့သို့ဆက်၏။

"ဒီခေတ်မင်းသမီးတွေ သနားပါတယ်ဟယ်၊ ရွှက်ကြမ်းရေကြို မျက်နှာလေးတွေကို ဖြဲရဲပြင်ဆင်ပြီးတော့ ရှိတဲ့ရုပ်ငွေနဲ့ မင်းသမီးလုပ်နေရတာ မဟုတ်လား၊ ဝတ်လိုက်စားလိုက်ရတာက

www.burmeseclassic.com



လည်း အမေ၊ မကောင်းမကာန်း အိုက်တင်တွေကလည်း နောက်နေသလိုပဲ အဟက်ဟက်"

ပန်းနုငယ်၏စကားကြောင့် ခန့်ပိုင်က ခွီးခနဲရယ်သည်။ သူကတော့ ပန်းနုငယ်ကို အားနာနာဖြင့် မရယ်ဖြစ်အောင် အောင့်အီးထားရသည်။ ပန်းနုငယ်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ ခပ်တည်တည်ပင် ဆိုသည်။

"ဒါနဲ့ အင်တာဗျူးတာကို နင်လေ့ကျင့်မှာ မဟုတ်လား၊ ငါ နင့်ကို ကူညီပေးရမှာပေါ့ ဟုတ်တယ်မဟုတ်လား"

"အေးပါဟာ ပါရမီဖြည့်ပေးလိုက်ပါဦး၊ ဒီကောင်ကြီးကို"

သူ့ကို လက်ညှိုးထိုးရင်း ခန့်ပိုင်က ရယ်ကျဲကျဲဖြင့်ဆိုသည်။ ခန့်ပိုင်၏ စကားကြောင့် သူ ခန့်ပိုင်ကို လှမ်းပြီး မျက်လုံးပြူးပြဖြစ်သည်။ ၎င်းက 'ပါရမီဖြည့်သည်'ဟု သုံးနှုန်းလိုက်သည်ကိုး။

ပန်းနုကတော့ ဘာမှသိလိုက်ဟန်မတူ။

'ဗျူးချင်ရင် အချိန်မရွေးနော်'ဟုဆိုသည်။ သူ ခပ်သွက်သွက်ပင် 'အေး'ဟုဆိုဖြစ်သည်။ ခန့်ပိုင်ကတော့ သူ့ကို ပြုံးဖြီးဖြီးဖြင့်ကြည့်သည်။ သဘောက 'ရှေ့သွားနောက်လိုက်တွေညီပြီး အပေးအယူမျှလှချည်လား'ဆိုသည့်သဘော။

×××××

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ငန်းအတွေ့အကြုံ မလိုပါတဲ့"

သတင်းစာမှ အလုပ်ကြော်ငြာကို အပြီးသတ်ဖတ်လိုက်သော နှင်းအိက ဘယ်လိုလဲဆိုသော သဘောဖြင့် သူမကို လှမ်းကြည့်သည်။

ဝတီနွယ်က. . .

"နင်တော့ သိန်းဆုကြီးပေါက်တာပဲ ယွန်းနှင်းဆီ"

ဟု ဝမ်းသာအားရဆိုသည်။

"ဘာဖြစ်လို့တုန်း"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အမေးကို ဝတီနွယ်က ချက်ချင်းမဖြေသေးဘဲ 'ဒါလေးတောင် မသိဘူးလား'ဆိုသော ပုံစံဖြင့် လူကိုကြည့်သည်။ ပြီး. . .

"နင်က ဒီအလုပ်ကို အရမ်းလည်းဝါသနာပါတယ်၊ ရုပ်က လည်း မင်းသမီးလုပ်လို့ရအောင် ချောတယ်၊ သွက်သွက်လက် လက်လည်းရှိတယ်၊ ဒီလိုအဘက်ဘက်က ပြည့်စုံနေမှတော့ နင်မှ ဒီသတင်းထောက်အလုပ်မရရင် ဘယ်သူရမှာလဲ၊ ဒါ နင့်အတွက် သိန်းဆုကြီးပေါက်တာ မဟုတ်ဘူးလား"

"အေးလေ"

ဝတီနွယ်၏အဆိုကို နှင်းအိက ထောက်ခံသည်။

"ဒါပေမယ့် ကံတရားက ရှိသေးတယ်မဟုတ်လား"

သူမ၏စကားကြောင့် ဝတီနွယ်တို့နှစ်ယောက်က သက်ပြင်းကိုယ်စီချသည်။ သူမကိုယ်တိုင်လည်း သက်ပြင်းချဖြစ် သည်။

"နင်အလုပ်မရလို့ မဖြစ်ဘူး ယွန်းနှင်းဆီ၊ နင်အလုပ်ရကို ရမှဖြစ်မယ်၊ မရရအောင် ကြိုးစား သိလား"

နှင်းအိ၏စကားကို 'ဘာဖြစ်လို့လဲ'ဟု သူမေးဖြစ်သည်။

"နင်အလုပ်ရမှ ငါတို့နှစ်ယောက်လည်း နင့်ရဲ့ အစမ်းသပ် ခံဘဝက ကျွတ်မှာ၊ မဟုတ်ရင် ငါတို့မှာ မင်းသမီးဖြစ်ရ၊ စာရေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာမဖြစ်ရ၊ ဟိုဟာဖြစ်ရ၊ ဒီဟာဖြစ်ရနဲ့ မစားသာဘူး"

နှင်းအိ၏စကားကို ဝတီနွယ်က 'မှန်တယ်'ဟုဆိုရင်း ထောက်ခံသည်။ ဘာရယ်မဟုတ် နှင်းအိတို့နှစ်ယောက်ကို သူမ မျက်စောင်းထိုးဖြစ်သည်။

"အေးပါ. . . နင်တို့နှစ်ယောက် ငါ့ကို များများသာ နှိပ်ကွပ်ထား၊ ငါ အနုပညာသတင်းထောက်ဘဝနဲ့ လုံးဝအောင်မြင်ပြီး မအားလပ်တဲ့အချိန်ကြမှ ယွန်းနှင်းဆီရေ ငါတို့ဆီကို စကားလေးဘာလေးပြောရအောင် လာခဲ့ပါဦးလို့ မျက်နှာငယ်လေးနဲ့ လာမခေါ်ကြနဲ့"

သူမ၏စကားကြောင့် ဝတီနွယ်က ဟက်ခနဲရယ်သည်။

"ဘာရယ်တာလဲ"

"ဩော်. . . သဘောကျလို့ပါ၊ နင်သာ မင်းသမီးတစ်ယောက်နဲ့ပဲဖြစ်ဖြစ်၊ အခြားအနုပညာရှင်တစ်ယောက်နဲ့ပဲဖြစ်ဖြစ် အင်တာဗျူးခါနီးတိုင်း မေးခွန်းတွေ အစမ်းမေးကြည့်ရအောင် ဆိုပြီး ငါတို့ဆီမလာခဲ့နဲ့"

"မလာဘူး"

ဝတီနွယ်၏အဆိုကို 'မလာဘူး'ဟု ပက်ခနဲ ပြန်၍ဆိုရင်း သူမ ရှက်ရယ်ရယ်ဖြစ်သည်။

"ဒါနဲ့ စကားမစပ် အလုပ်လာလျှောက်တဲ့ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်တွေ အကုန်လုံးက နင့်လိုပဲ လှပသွက်လက်တဲ့ ကောင်မလေးတွေချည်းပဲ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ အခုခေတ် သတင်းထောက်ကောင်မလေးတွေက အလန်းတွေချည်းပဲဆိုတော့ အလုပ်လာလျှောက်တဲ့ ကောင်မလေးတွေကလည်း သူလိုကိုယ်လိုတွေ ဖြစ်နေရင်ကော"

နှင်းအိက စသလိုနောက်သလိုဖြင့် ဆိုသည်။

"ဒါကတော့ ရုပ်ပိုင်းဆိုင်ရာချင်း ယှဉ်လို့မရရင် စိတ်ပိုင်းဆိုင်ရာချင်း ယှဉ်ရမှာပေါ့၊ လူတစ်ယောက်နဲ့ စကားပြောကြည့်လိုက်ရင် ဒီလူဟာ ဒီအလုပ်ပေါ်မှာ ဘယ်လောက်ထိ ရှူးသွပ်လဲဆိုတာ အလုပ်ခန့်မယ့် လူတွေက သိမှာပဲ၊ သေချာပါတယ် ငါအလုပ်ရမှာပါ"

မျက်လုံးစုံမှိတ်ရင်းဆိုသော သူမ၏စကားအဆုံးမှာ နှင်းအိက. . .

"အေး. . . ရပါစေဟာ၊ နင့်ကို အလုပ်ရစေချင်တဲ့ အထဲမှာ ငါနဲ့ဝတီနဲ့ ထိပ်ဆုံးကရှိနေတယ်သိလား၊ နတ်ကောင်းနတ်မြတ်များရှင် ဝတီနွယ်နဲ့ ကျွန်မ နှင်းအိတို့ကို သနားသောအားဖြင့် ယွန်းနှင်းဆီကို အလုပ်ရအောင် မစတော်မူပါ"

ဟု ဆိုသည်။ လက်အုပ်ချီကာ ချီကာဖြင့် အိုဟာတွေလုပ်နေသော နှင်းအိဆိုအပြီး ဝတီနွယ်ကပါ 'သေချာပေါက် မစတော်



www.burmeseclassic.com

www.burmeseclassic.com



မူပါ'ဟု သံယောင်လိုက်ကာဆိုသည်။

နှင်းအိတို့နှစ်ယောက်ကိုကြည့်ရင်း သူမရယ်ဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

# အလှ်သင်နှင်းဆီ ၃၃

"နင်က ဝါရင့်သရုပ်ဆောင် မင်းသမီးကြီးပေါ့ဟာ၊ အဲဒါ တို့ ငါက အင်တာဗျူးမှာ ဟုတ်ပြီလား"

"အိုကေ"

သူ၏စကားအဆုံးမှာ ပန်းနုငယ်က 'အိုကေ'ဟုဆိုရင်း မျက်နှာကိုချီသည်။ သဘောက ဝါရင့်သရုပ်ဆောင် မင်းသမီးကြီး အဖြစ် သူမကိုယ်သူမ မှတ်သွင်းလိုက်သည့်သဘော။

"အစ်မက အခုနောက်တက်မင်းသမီးတွေရဲ့ အိုက်တင်နဲ့ ပတ်သက်ပြီး အကြံလေးဘာလေး ပေးပေးပါလားခင်ဗျ"

သူ ရယ်ချင်စိတ်ကို အောင့်အီးရင်း မေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်ကလေးတွေ တော်ကြပါတယ် အဟင်း ဟင်း၊ ဒါပေမယ့် သူတို့တော်တယ်ဆိုတာက အစ်မတို့ခေတ်တုန်းက ဝါသနာရှင်တွေရဲ့ အဆင့်လောက်တောင် မရှိဘူးဖြစ်နေတယ်၊ ဆိုလိုတာက အများကြီးလိုသေးတာပေါ့နော်၊ အိုက်တင်ပိုင်းမှာ အများကြီးလျှော့နေတာပေါ့၊ ကြိုးစားစေချင်တယ်သိလား"

ခပ်တည်တည်ဖြင့်ဆိုသော ပန်းနုငယ်၏စကားကြောင့် ခန့်ပိုင်က ခွီးခနဲရယ်သည်။ ပြီး သူ့ပါးစပ်သူပိတ်ကာ တအုအုဖြင့် ဆက်၍ရယ်သည်။ မင်းသမီးရှူးနှင့် သတင်းထောက်ရှူး တွေ့နေကြသည်ကိုက သူ့အဖို့ ရယ်စရာဖြစ်နေသည်ကိုး။

"အိုက်တင်ရဲ့ ဘယ်လိုအပိုင်းတွေမှာ လျှော့နေတာလဲ ခင်ဗျ"

"အင်း. . . ပြောရမယ်ဆိုရင်တော့ ဘက်စုံလျှော့နေတာ၊ သူတို့စိတ်ထဲမှာ သရုပ်ဆောင်တယ်ဆိုတာ မျက်နှာအမူအယာလေးမဲ လုပ်လို့ရတယ်လို့ ထင်နေကြတာ၊ တကယ်တော့ သရုပ်ဆောင်တယ်ဆိုတာ မျက်နှာလေးနဲ့တင်မကဘူး တစ်ကိုယ်လုံးမှာ ရှိတဲ့ လက်ချောင်းခြေချောင်းလေးတွေကအစ မျက်တောင်မွေး အဆုံး သရုပ်ဆောင်ပြလို့ရတယ်"

"အဲဒါတော့ နည်းနည်းများသွားပြီထင်တယ် ပန်းနု"

ခန့်ပိုင်က ဝင်၍ဆိုသောစကားကြောင့် ပန်းနုငယ်က



www.burmeseclassic.com

www.burmeseclassic.com



အာကိုနည်းနည်းများတာလဲ’ဟု ပြန်၍ဆိုသည်။

“ငါကြားဖူးသလောက်တော့ ဆံပင်တွေဘာတွေ၊ ပခုံးတွေနဲ့လည်း အိုက်တင်လုပ်ပြလို့ရတယ် ဒီလောက်ပဲသိထားတာ၊ နင့်ကြမ့် မျက်တောင်မွေးတွေပါ ပါလာတော့ အိုဗာဖြစ်မနေဘူးလား”

“မမှီရင် မလိုက်နဲ့၊ ကျန်ခဲ့လိုက်၊ ဟုတ်ပြီလား”

ပန်းနုငယ်က ခန့်ပိုင်ကို တကယ့်ဆရာမကြီးလေသံဖြင့်ဆိုရင်း သူ့ဘက်လှည့်ကာ ‘ဆက်ဗျူးလေ’ဟု ခပ်တည်တည်ပင်ဆိုသည်။ ခန့်ပိုင်က အောင့်သက်သက်ဖြင့် ‘ဟုတ်ပါပြီ’ဟု ဆိုသည်။

“ဒါနဲ့ အစ်မက မျက်လုံးအိုက်တင်တွေ အရမ်းကောင်းတယ်နော်၊ Eye Power ကို ဘယ်လိုကျင့်လဲခင်ဗျ”

ကြားဖူးနားဝဖြင့် မိန့်မိန့်ကြီးမေးသော သူ့အား ပန်းနုငယ်က ခန့်ခန့်ကြီးပြန်ပြုံးပြသည်။

“သူများတွေကတော့ ဖယောင်းတိုင်ကို ထွန်းပြီးတော့ အဲဒီဖယောင်းတိုင်ကိုကြည့်ပြီး ကျင့်ကြတယ်လို့ ပြောတယ်၊ မကတော့ နဂိုမွေးစကတည်းက Eye Power ကောင်းလားလို့လား မသိဘူး၊ လေ့ကျင့်နေစရာမလိုဘူးသိလား၊ သူ့အလိုလိုကို ကောင်းချင်တိုင်းတွေ ကောင်းနေတာ၊ ပါရမီလို့ပဲ ပြောရမလားမသိဘူး အဟင်း. . . ဟင်း”



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုငယ်၏အဆိုကြောင့် ခန့်ပိုင်က 'အိုဗာတင်းတွေ ဖြစ်ကုန်ပြီနော်'ဟု ပြောင်ချော်ချော်ရေရွတ်သည်။

"ဘာမှအိုဗာမတင်းဘူး၊ ငါက မင်းသမီးဖြစ်ချင်လို့ အိုက်တင်တွေ ခိုးကျင့်ထားတာဆိုတော့ ဒါတွေအကုန်သိတယ်၊ မျက်နှာမှာရှိတဲ့ အကြောတွေထဲက ဘယ်အကြောတွေကို ဆွဲလိုက်ရင် ဘယ်လိုအမူအရာဖြစ်သွားမယ်၊ အကြောဘယ်နှစ်ချောင်းကို လျှော့လိုက်ရင် မျက်နှာပေါ်မှာ ဘာဖြစ်သွားမယ်ဆိုတာကအစ ငါ အကုန်သိတယ်၊ လုပ်တတ်တယ် နားလည်လား"

'ဆြာမကျီးပေါ့'ဟု ခန့်ပိုင်က ရိသည်။

"အေး. . . ဟုတ်တယ် ဘာဖြစ်လဲ'ဟု ပန်းနုငယ်က ချက်ချင်းပြန်၍ပက်သည်။ ခန့်ပိုင်က. . .

"ဖြစ်နိုင်တာကိုပဲ ပြောပါဟာ၊ မျက်နှာပေါ်က အကြောတွေအထိ control လုပ်နိုင်နေတယ်ဆိုတာကတော့ နည်းနည်းမဟုတ်ဘူး အများကြီးကို များသွားပြီ၊ အဲဒီလောက်ထိသာ ပိုင်နိုင်နေရင် နင် ဂင်းနစ်မှတ်တမ်းစာအုပ်မှာ လူထူးလူဆန်းဆိုပြီး မှတ်တမ်းတင်ခံရမှာ သေချာတယ်၊ အပိုတွေ မပြောကြေး"

ဟု ဆိုသည်။

"ဟဲ့. . . ဆရာမကြီးအဆင့် ရောက်သွားရင် မျက်နှာပေါ်က အကြောတွေတင် မကဘူး တစ်ကိုယ်လုံးက အကြောတွေ



www.burmeseclassic.com

www.burmeseclassic.com



တိုပါ ကိုယ်ကြိုက်သလိုခိုင်းပြီး control လုပ်လို့ရသွားပြီ၊ ဒါတွေ နင့်လိုငတုံးက ဘယ်လိုက်မှီပါ့မလဲ၊ ဒါဖြင့် လုပ်ပြလို့တော့မပြောနဲ့ လုပ်မပြဘူး"

'ဘာဖြစ်လို့လဲ'ဟု သူ ခန့်ပိုင်ကိုယ်စား မေးဖြစ်သည်။

"ကင်မရာရှေ့မှာ မဟုတ်လို့ပေါ့ဟဲ့"

ပန်းနုငယ်က ခပ်တင်းတင်းပင်ဆိုသည်။ ပြီး. . .

"ကဲ. . . ဒီနေ့တော့ ဒီလောက်ပဲတော်ပြီ၊ အနှောင့်အယှက်တွေ များလွန်းလို့ ပြန်မယ်၊ နောက်ဆို ဒီကောင်မရှိမှ နင်နဲ့ငါနဲ့ ဆုံမယ်သိလား"

ပြောပြောဆိုဆိုဖြင့် ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထွက်သွားသော ပန်းနုငယ်ကိုကြည့်ရင်း ခန့်ပိုင်က ခွီးခနဲရယ်သည်။

"ဘာရယ်တာလဲကွ"

သူ၏အမေးကြောင့် ခန့်ပိုင်က ရယ်ခြင်းကို အရှိန်သတ်တာ သူ့ကိုပြုံးဖြီးဖြီးဖြင့် ကြည့်သည်။

"မင်း ပန်းနုပြောသွားတာ မကြားဘူးလား၊ နောက်ဆိုရင်တဲ့ ငါမရှိမှ မင်းနဲ့ဆုံမယ်တဲ့၊ အေးကွာ ငါကလည်း စိန်ကောင်းကျောက်ကောင်း ရောင်းနေတဲ့ကြားထဲကို ဝင်ရှုပ်မိပြီထင်တယ်၊ မင်းတို့ချင်း အပေးအယူတွေ မှုနေကြတာကို ငါက ကန့်လန့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ အဟီး"

"တော်ပါကွာ မင်းကတစ်မျိုး"

သူ ရှက်ရယ်ရယ်ရင်း ဆိုဖြစ်သည်။ အရေးထဲ 'မကောင်းကျောင်းပို့'လုပ်နေသည်ကိုး။

"ဒီလိုမျိုး အပေးအယူမျှဖို့ဆိုတာ သိပ်ရှာတွေ့ဖို့မလွယ်ဘူးနော် သယ်ဂျင်း၊ စိတ်ကူးမမှားနဲ့"

"မင်းပဲယူလိုက် ခန့်ပိုင်၊ မင်းကိုငါ ဦးစားပေးတယ်၊ ငါမနက်ဖြန် သတင်းထောက်အလုပ်အတွက် ဂျာနယ်တစ်စောင်မှာ အင်တာဗျူးသွားဖြေရမှာကွ၊ အဲဒီရောက်မှ ဝါသနာတူတဲ့ သတင်းထောက်ကောင်မလေးပဲ ရှာတော့မယ်"

သူပြောရင်း လက်မထောင်ပြဖြစ်သည်။

"အေး. . . အေး ငါပန်းနုငယ်ဆီသွားပြီး အဲဒီကိုလွှတ်လိုက်မယ်၊ ကဲ ကဲ ငါပြန်ပြီ"

ပြောပြောဆိုဆို ပြန်သွားသော ခန့်ပိုင်ကိုကြည့်ရင်း သူ ခွေးကောင်ဟု လိုက်အော်ဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ကော်ဖီခွက်ကိုကိုင်ရင်း ကျန်တစ်ဖက်က ဖုန်းကိုကိုင်ရင်း သူအလုပ်ရှုပ်ကာနေသည်။

"ငါ အခု ရင်အရမ်းခုန်နေတယ်ကွာ၊ အခုလက်ရှိခံစားမှုက အင်တာဗျူးလာဖြေတာနဲ့ မတူဘူး၊ ရည်းစားနဲ့ ပထမဆုံးချိန်းတွေ့ဖို့ လာသလိုမျိုးကြီးကို ရင်ခုန်နေတာကွ"

သူ့စကားအဆုံးမှာ ခန့်ပိုင်က

"တော်စမ်းပါကွာ"

ဟု ရယ်ရင်းကဆိုသည်။

"ဘာဖြစ်လို့လဲ၊ ငါက ဘာကိုတော်ရမှာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို တစ်ဖက်မှ ကျယ်ကျယ်ကြားရန် အလို့ငှာ သူအော်ပြီး ပြောဖြစ်သည်။ ခန့်ပိုင်က ဘော်တော်နှင့်ပြန်၍ ဘာမှပြန်မပြောဘဲ ရယ်ကာနေသည်။

အတန်ကြာမှ. . .

"မင်းက ပထမဦးဆုံးရည်းစား ချိန်းရသလိုမျိုး ရင်ခုန်တယ်လို့ပြောလို့ ငါကရယ်ချင်တာ၊ နေစမ်းပါဦး မင်းဘယ်တုန်းကများ ရည်းစားချိန်းဖူးလို့တုန်း၊ ချိန်းဖို့နေနေသာသာ ရည်းစားတောင်မထားဖူးတဲ့ကောင်ကများ မတန်မရာတွေ လျှောက်ပြောနေသေးတယ်၊ သူများကြားရင် အထင်ကြီးနေဦးမယ်"

ဟု ဆိုသည်။

သကောင့်သား၏ နှိပ်ကွပ်မှုကြောင့် သူ နည်းနည်းတော့နင်သွားရသည်။ ထို့ကြောင့် 'ဒါပဲကွာ'ဟုပြောကာ ဖုန်းကို ရှပ်အကျႌအိတ်ကပ်ထဲ ခေါင်းငုံ့ရင်းအထည့်. . .

"အား"

ရှေ့ထောင့်ချိုးမှ ဝင်လာသော ကောင်မလေးက သူ့ကိုဝင်၍တိုက်သည်။ သူ့လက်ထဲမှာ ကိုင်ထားသော တော်ဖီခွက်ကကောင်မလေးပေါ် အသွန်လိုက်ကြီး ဖြစ်သွားသည်မို့ ကောင်မလေးက 'အား'ဟု လန့်ဖြန့်ကာအော်သည်။

"ဟာ. . . sorry. . . sorry"

www.burmeseclassic.com

www.burmeseclassic.com



သူ ကမန်းကတန်း တောင်းပန်ဖြစ်သည်။ ကော်ဖီက တစ်ခါသုံးခွက်အတွင်း အနည်းငယ်သာ ကျန်သော်လည်း ကောင်မလေး၏ အကျီအဖြူဆွတ်ဆွတ်၏ လက်မောင်းမှာ ကွက်ကာသွားခဲ့သည်။

"ရှင်ဘယ်လိုလူလဲ၊ လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

"မဟုတ်ဘူးလေ. . . ညီမက အစ်ကို့ကို ဝင်တိုက်တာလေ"

"ရှင်က ရှောင်ရမှာပေါ့"

"ဗျာ"

ကောင်မလေး၏စကားကြောင့် သူ 'ဗျာ'ဟု အံ့သြရင်း ရယ်ချင်သွားမိသည်။ မရမက ဖွတ်အတင်း အပြစ်တင်နေသော ကောင်မလေးက စွဲလမ်းစရာကောင်းအောင် လှပကာနေသည်။

"ဒုက္ခပဲ ဆယ်မိနစ်လောက်ကြာရင် အင်တာဗျူးက ဖြေရတော့မှာ၊ ဒီအကျီအကွက်ကြီးနဲ့ ကျွန်မ ဘယ်လိုလုပ်ပြီး အင်တာဗျူး ဝင်ဖြေမလဲ၊ အဲဒါ ရှင့်ကြောင့်၊ ရှင့်ကြောင့်"

"ဟောဗျာ"

"မဗျာနဲ့၊ ရှင် အခုဘယ်လိုလုပ်ပေးမလဲ၊ ကျွန်မ အတော်စွန်းသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဆောင့်ကြီးအောင့်ကြီးအဆိုကြောင့် သူဘာပြန်ပြောလို့ ပြောရမှန်းမသိ။ ကောင်မလေး၏ ဒေါသသံကြောင့် သူကြောင်သွားရသည်ကိုး။

"ချွတ်ထိုက်ပါလား၊ ကျွန်တော်လျှော်ပေးမယ်"

"ဘာပြောတယ်"

"ဟာ မဟုတ်သေးဘူး၊ sorry ကျွန်တော်ချွတ်ပေး. . . အဲလေ အစွန်းချွတ်ပေး၊ မဟုတ်သေးပါဘူး၊ ကျွန်တော် အကျီ အသစ်သွားဝယ်ပေးပါ့မယ်"

သူ၏စကားအမှားကြောင့် သူမ 'ဘာပြောတယ်'ဟု ဒေါသထွက်ကာသွားသည်မို့ သူ 'ဝယ်ပေးမည်'ဟု ခပ်သွက်သွက် ဆိုဖြစ်သည်။

"ကျွန်မက ဆယ်မိနစ်လောက်နေရင် ဒီဂျာနယ်က သတင်းထောက်အသစ်အတွက် အင်တာဗျူးဖြေရတော့မှာ၊ ဘယ်လိုလုပ်ပြီး မီတော့မှာလဲ"

"မီအောင် ပြေးဝယ်လိုက်ပါ့မယ်ဗျာ၊ ဒီဂျာနယ်သတင်းထောက်အလုပ်မှာ ကျွန်တော်လည်း အင်တာဗျူးဖြေဖို့ လာတာပါ၊ ခင်ဗျားလိုပဲ ဆယ်မိနစ်လောက်နေရင် ဖြေရမှာပဲ၊ ကဲ ကြာပါတယ်ဗျာ၊ ဒီလမ်းထိပ်မှာ အကျီဆိုင်ရှိတယ်၊ ကျွန်တော် အမြန်ပြေးခိုက်မယ်၊ ခင်ဗျားဘာဆိုဒ်ဝတ်လဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူ့စကားကြောင့် သူမမျက်နှာကြီး နီမြန်းကာသွားသည်။ သူမ၏မျက်နှာ နီအမ်းအမ်းကိုကြည့်ရင်း သူရယ်ချင်သွားမိသည်။

"မပြောချင်လည်းနေဗျာ ကျွန်တော် ခင်ဗျားကို ကြည့်ဝယ်လာပေးမယ်"

သူမအပေါ်အောက်ကြည့်ရင်း စကားကိုဖြတ်ထားသော သူ့ကို သူမက 'ဘာကြည့်တာလဲ'ဟု ရှက်ရှက်ဖြင့်အော်သည်။

"ခင်ဗျားကလည်းဗျာ အကျီဝယ်လာပြီး မတော်မှာစိုးလို့ပါဗျ၊ ဟုတ်ပြီ၊ ကျွန်တော် small ဆိုဒ် ဝယ်ခဲ့ပေးမယ်"

သူ့စကားအဆုံးမှာ သူမက

"ကျွန်မက small နဲ့ မရဘူး"

ဟု အာခေါင်ခြစ်ကာအော်သည်။

"ဒါဖြင့် Medium လား၊ small မဟုတ်ဘူးလား"

"လျှာမရှည်နဲ့၊ large ဆိုဒ်ဝယ်ခဲ့ မြန်မြန်သွား"

'မြန်မြန်သွား'ဟု သူမဆိုသော်လည်း ပေကပ်ကာ မသွားသေးဘဲ သူမကို သူ အပေါ်အောက်ကြည့်ဖြစ်သည်။

"Large ဆိုဒ် ဟုတ်လို့လား၊ Medium လောက်ဆိုရင်"

"လျှာရှည်လိုက်တာ၊ ကျွန်မ အင်တာဗျူးမဖြေရရင် ရှင့်ကြောင့်ပဲ၊ မကြာကြာအောင် လုပ်နေတယ်၊ ရုပ်က နွားရုပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်တာ"

သူမ၏အဆိုကြောင့် သူ နင်ခနဲ ဖြစ်သွားရသည်။

"ဘာလဲဗျ. . . ခင်ဗျားက စွပ်စွပ်စွဲစွဲ၊ ခင်ဗျားကို ကျွန်တော်က အလုပ်သဘောအရ ကြည့်တာဗျ၊ မမှားသင့်တာ မမှားရအောင်လို့၊ ကြည့်ချင်လို့ကြည့်တာမဟုတ်ဘူး၊ အလုပ်သဘော"

သူ မျက်နှာပူပူဖြင့် ပြန်၍ဆိုဖြစ်သည်။

"အရေးကြီးပါတယ်ဆိုမှ နှုတ်ခမ်းတလန် ပန်းတလန်နဲ့ လူကိုပြန်ပြောနေလိုက်တာ ယောကျ်ားကြီးတန်မဲ့နဲ့"

"ယောကျ်ားလည်း ပါးစပ်နဲ့ပဲဗျ၊ ခင်ဗျား ပြောတိုင်း ငြိမ်ခံနေရမှာလား၊ မဟုတ်တာပြောလို့ကတော့ မခံဘူး၊ ပြန်ပြောရမှာပဲ"

သူမ၏ ဆွေ့ဆွေ့ခုန်နေမှုကို သူရယ်ချင်နေသော်လည်း အောင့်ကာထားရင်း သူ ဘုတောဖြစ်သည်။

"ဒီမှာ အခုအချိန်က ရန်ဖြစ်နေရမယ့်အချိန် မဟုတ်ဘူး၊ အခုမှ ရှင်အကျီသွားဝယ်ရင်လည်း မမီနိုင်တော့ဘူး"

"ဒါဖြင့် ခင်ဗျားအကျီကို ကျွန်တော်ဘာလုပ်ပေးရမှာလဲ"

သူခေါင်းကုတ်ရင်းဆိုသော သူမကိုကြည့်ရင်း သူဆိုဖြစ်သည်။ သူမက ခေါင်းကိုကုတ်နေရာမှ သူ့ကို စူးခနဲကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"ဟုတ်ပြီ. . . ဟို. . . ဟို ရှင့်မှာစွပ်ကျယ်ပါလား"

ရှက်အမ်းအမ်းဖြင့် ဆိုသော သူမစကားကြောင့် သူ ရုတ်တရက်ကြီး ကြောင်သွားရသည်မို့ သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ဖြစ်သည်။

"ပါတယ်၊ ဘာလဲ ခင်ဗျားက ကျွန်တော့်စွပ်ကျယ်ကို သူဝတ်ချင်လို့လား၊ ခင်ဗျားနဲ့ဆို ချောင်နေမှာပေါ့ဗျ"

သူ့စကားအဆုံးမှာ သူမအား မျက်နှာကြီးနီသည်ထက်ပိုနီ တာသွားရင်း 'တုံးလိုက်တာ'ဟု ရေရွတ်သည်။

"တုံးလိုက်တာ၊ ဒီမှာ တကယ်လို့ ရှင် အင်တာဗျူးအရင် ဖြေရရင် ရှင်ထွက်လာတော့ ရှင့်ရှပ်အကျႌကို ကျွန်မ အပေါ်က နေ ထပ်ဝတ်သွားလို့ရတယ်၊ တကယ်လို့မှ ရှင်အရင်မဖြေရဘဲ ကျွန်မအရင်ဖြေရရင်လည်း ခဏငှားဝတ်သွားလို့ရတယ်၊ စွပ်ကျယ် ပါတော့ ဘာပဲပြောပြော ရှပ်အကျႌချွတ်ထားလည်း အဆင်ပြေ တယ်၊ အဲဒါကိုပြောတာ၊ ဖြစ်တယ်မဟုတ်လား"

မျက်နှာကြီးနီကာဆိုသော သူမ၏ စကားကြောင့် သူ သဘောပေါက်ကာသွားသည်။ 'ရပါတယ်'ဟု သူပြန်၍ဆိုဖြစ်ရင်း သူ့ရှပ်အကျႌကို ဝတ်ထားမည့် သူမ၏ပုံစံကို မြင်ယောင်ကြည့်ကာ သူ ဟက်ခနဲ ရယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ"

"ဟောဗျာ. . . ကျွန်တော့်ဘာသာ ကျွန်တော်ရယ်တာ ခင်ဗျားနဲ့ဘာဆိုင်လို့တုန်း၊ ခင်ဗျားရဲ့စီးပွားရေးကို ထိခိုက်သွားလို့လား"

"စီးပွားရေးတော့ မထိခိုက်ဘူး၊ ဒါပေမဲ့ ရှင်ရယ်တဲ့ပုံစံကို မကြိုက်လို့ပြောတာ၊ ဘယ်လိုလူမှန်းမသိဘူး၊ ရယ်သံကိုက ခနဲ့သလိုလို ရွဲ့သလိုလိုနဲ့"

သူမက ပွစိပွစိရေရွတ်သည်။ သူတို့နှစ်ယောက်ကိုကြည့်ရင်း သူတို့လိုပင် အင်တာဗျူးလာဖြေဟန်တူသူ အချို့က ပြုံးစိစိကြီးတွေ လုပ်ကြသည်။ သူမက အင်္ကျီလက်မောင်းမှာ စွန်းသွားသော အကွက်ကြီးကို ကြည့်လိုက်၊ သူ့ကိုကြည့်လိုက်ဖြင့် မကျေနပ်ဟန်ပြသည်။

"ရယ်တဲ့ပုံစံ မကြိုက်ဘူးနဲ့တောင် လာတွေ့နေတယ်၊ ရယ်တာပဲ သူကြိုက်အောင်ရယ်ပေးရမယ့်ပုံ ဖြစ်နေတယ်"

သူ စိတ်ထဲမှနေ တွေးဖြစ်သည်။ နှုတ်မှ ဖွင့်ပြောလိုက်ပါက သူမနှင့် သေချာပေါက် ထပ်၍ စကားများရဦးမှာ သေချာသည်။

ဘာပြောပြော သူရောသူမပါ အလုပ်ရသွားပါက ပျော်စရာ အတော်ကောင်းမည်ဟု သူတွေးဖြစ်သည်။ ရုပ်ချော



www.burmeseclassic.com

www.burmeseclassic.com



ချောနှင့် ခပ်စွာစွာ ဤကောင်မလေးနှင့်သာ အလုပ်အတူလုပ်ရလျှင် သူ့အဖို့ အတော်ကြီး အပျင်းပြေမှာ သေချာနေသည်ကိုး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းနှင်းဆီရှိလား"

"ရှိပါတယ်ရှင်၊ ရှိပါတယ်"

သူမက ဆတ်ခနဲထရပ်လိုက်ရင်း ဆိုသည်။ ပြီး သူ့ဘက် လှည့်ကာကြည့်ရင်း မေးကိုဆတ်ပြသည်။ နှုတ်မှလည်း. . .

"ကျွန်မဝင်ရတော့မယ်၊ မြန်မြန်ချွတ်လေ"

ဟု မျက်လုံးပြူး မျက်ဆံပြူးဖြင့် ဆိုသည်။

"ဘာချွတ်ရမှာလဲ၊ ဪ ခဏလေး ခဏလေး"

သူ ရုတ်တရက် ကြောင်သွားပြီးမှ ရှပ်အကျီကြယ်သီးကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက် ချွတ်ဖြစ်သည်။ သူချွတ်ပေးသော အင်္ကျီကို ခပ်သုတ်သုတ်ဝတ်ရင်း သူမ အင်တာဗျူးမည့်အခန်းသို့ ဝင်ကာ သွားသည်။

သူတို့နှစ်ယောက်ကိုကြည့်ကာ ဘေးမှလူများကတော့ ပြုံးစိစိတွေ ဖြစ်နေကြသည်။ သူ ဘာမှမဖြစ်သလို အားလုံးကို ပြန်ပြုံးပြဖြစ်သည်။

ပြီး စောစောက ကောင်မလေး၏ 'ယွန်းနှင်းဆီ'ဆိုသော နာမည်ကို ရေရွတ်နေမိသည်။ မှတ်သားထားခြင်း မဟုတ်သော်လည်း သူမ၏နာမည်က မှတ်မိလွယ်ကာနေသည်။

သူမရော သူပါ အင်တာဗျူးဖြေဆိုအောင်မြင်ကာ အရွေးခံရပါက အလုပ်သင် သတင်းထောက်အဖြစ် ဒီတစ်ပတ်ထဲမှာပင် အလုပ်ဝင်ကြရမည်ဖြစ်သည်။ ဤဂျာနယ်တိုက်သို့ လာစဉ် တစ်လမ်းလုံး သူ အင်တာဗျူးတွင် အဆင်ပြေ၍ အလုပ်ရပါစေဟု ဆုတောင်းလာခဲ့သည်။

အခုတော့ သူမအတွက်ပါ အဆင်ပြေစေကြောင်း ဆုတောင်းနေဖြစ်သည်။ သူ့အတွက် သူ ရင်ခုန်နေရုံသာမက သူမ အတွက်ပါ လိုက်ပြီး ရင်ခုန်ပေးနေဖြစ်သည်။ ခုလောက်ဆို သူမ တစ်ယောက် မည်ကဲ့သို့ ရှိနေမည်မသိ။

စိတ်ပြေလက်ပျောက် ခန့်ပိုင်ဆီဖုန်းဆက်ရန် သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုရှာသောအခါ ဖုန်းက ဘောင်းဘီအိတ်ကပ်ထဲမှာ ရှိမနေ။ သေသေချာချာ ပြန်စဉ်းစားတော့မှ ယွန်းနှင်းဆီ ဝတ်သွားသော သူ၏ရှပ်အကျီအိတ်ကပ်ထဲ ပါသွားသည်ကို ပြန်စဉ်းစားမိသည်။

အဲဒါက ပြဿနာမရှိ။ ပြဿနာက သူမကို အင်တာဗျူးနေစဉ်များ သူ့ဖုန်းဝင်လာပါက အင်တာဗျူးမေးသည့် လူကြီးများ စိတ်အနှောင့်အယှက်ဖြစ်သွားမှာ စိုးရသည်။ ပိုစိုးရိမ်ရသည်က သူမ သူ့ကို အကြီးအကျယ် ပြဿနာရှာနိုင်သည်။ သူမက ခပ်စွာစွာကိုး။

စောစောက သူမ အဆင်ပြေပြေရှိပါစေဟု သော ဆုတောင်းအပြင် သူမအား အင်တာဗျူးနေစဉ် သူ့ဖုန်းဝင်မလာပါစေနှင့်ဟု ဆုတောင်းရပြန်သည်။

အခုမှစတွေ့ကာ စေတနာတွေ ပိုနေမိသော ကိုယ့်ကိုယ်ကို နည်းနည်းတော့ ရယ်ချင်သွားမိသည်။ ဖုန်းယူထားလိုက်ရန်က လည်း သတိမရမိလိုက်။

သူတွေးနေဆဲမှာပင် ဖုန်းကိုကိုင်ကာ သူမထွက်လာသည်။

"ဖုန်းလာနေတယ်"

သူမ၏အဆိုကြောင့် သူ နည်းနည်းစိတ်လေသွားရသည်။

"တော်သေးတာပေါ့ အင်တာဗျူးနေတုန်း မလာလို့"

သူမ၏ နောက်ဆက်တွဲအဆိုက သူ့ရင်ကို သက်သာရာ



www.burmeseclassic.com

www.burmeseclassic.com



ရသွားစေခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

"အေးဗျာ. . . ကျွန်တော်လည်း ဖုန်းကိုသတိမရလိုက်ဘူး၊ အကျီထဲဖုန်းပါသွားတာ သတိရရချင်း ခင်ဗျားကို အင်တာဗျူးနေတန်း ဖုန်းလာရင် ဒုက္ခပဲလို့ တွေးမိနေတာ"

ဖုန်းကိုလှမ်းယူရင်း သူမကို သူဆိုဖြစ်သည်။

"ဟဲလို"

သူဖုန်းကို ထူးလိုက်ချိန်မှာ ဖုန်းကကျသွားပြီဖြစ်သည်။ ကြည့်လိုက်တော့ ခန့်ပိုင်၏ဖုန်း ဖြစ်နေသည်။ သူ ဖုန်းကိုပြန်ဆက်မနေတော့ဘဲ power ပိတ်ပစ်လိုက်သည်။ မကြာခင် သူ့အလှည့်ရောက်ကောင်းရောက်လာမည်ကိုး။

"ကိုကောင်းသက်ဇော် ရှိပါသလား"

"ရှိပါတယ်ခင်ဗျ"

ရုတ်တရက်ကြီး အခေါ်ခံလိုက်ရသည်မို့ သူကမန်းတတန်းထူးရင်း သူမဘက်ကို လှည့်ကြည့်ဖြစ်သည်။ ထိုအချိန်မှာ သူမက သူ့ရှပ်အကျီကို ချွတ်နေပြီဖြစ်သည်။

"မြန်မြန်ချွတ်ပါဟ"

"ချွတ်နေတာပဲ မမြင်ဘူးလား"

စိတ်မရှည်စွာဆိုသော သူ့ကို သူမက ပက်ခနဲ ပြန်ရှိဆိုသည်။ ပြီး သူ့လက်ထဲ အကျီကို ရော့ဟု ဆောင့်ထည့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . ဟ မလုပ်နဲ့လေ၊ အကျီတွေ ကြေမွကုန်မယ်၊ ဒါ မီးပူသေသေချာချာ တိုက်ထားရတာဗျ"

ထိုစဉ်မှာပင်. . .

"ကိုကောင်းသက်ဇော်"

"ဟုတ်ကဲ့. . . လာပါပြီခင်ဗျ"

အကျီကြယ်သီးတို့ကို တပ်ရင်း သူပြန်ထူးဖြစ်သည်။ သူမကတော့ ပျာယာခတ်နေသော သူ့ကို ပြုံးစိစိကြည့်သည်။ ထို့အတူ အခြားလူများက သူတို့နှစ်ဦးကို ပြုံးစိစိဖြင့် ဝိုင်းကြည့်ကြသည်။

"ဘာကြည့်တာလဲ ကြယ်သီးလေးဘာလေး တပ်ကူတာ မဟုတ်ဘူး"

"အောင်မာမာ. . . ရှင့်ကို ဘာကိစ္စ ကြယ်သီးတပ်ပေးရမှာတုန်း၊ တပ်ပေးစရာလား၊ လူကို ဘာအောက်မေ့နေလဲ"

သူ၏ ခပ်ရွတ်ရွတ်အဆိုကို သူမက 'ဘာအောက်မေ့နေလဲ'ဟု ဆိုသည်။

"မကူညီတတ်သူလို့ အောက်မေ့တယ်ဗျာ"

"ကိုကောင်းသက်ဇော်"

ကြယ်သီးတပ်ရင်း သူမကို ပြန်ပြောနေစဉ်မှာ အထဲမှ သုံးကြိမ်မြောက်ခေါ်ပြန်သည်။

"လာပါပြီခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဝရုန်းသုန်းကားဖြင့် အင်တာဗျူးမည့် အခန်းဆီ ပြေးဝင်ဖြစ်သည်။ သူမကတော့ ဒေါသထွက်ကာ ကျန်ခဲ့မည်ထင်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က တစ်နေ့လုံး ညာဘက်အောက်မျက်ခမ်းတွေ လှုပ်နေတာ၊ အင်တာဗျူးသွားဖြေကတည်းက စိတ်လေးနေတာ"

သူမ၏စကားအဆုံးမှာ နှင်းအိက လက်ဖျစ်တီးသည်။

"ခဏနေဦး. . . အောက်မျက်ခမ်းလှုပ်တာ ဟုတ်လား။ ညာဘက်က လှုပ်တာနော်၊ ဒီမှာ ငါ့ဆီမှာ အသားလှုပ်ရင် အသား လှုပ်နိမိတ်ကြည့်လို့ရတဲ့ အသားလှုပ်ကျမ်းစာအုပ်ရှိတယ်"

ပြောပြောဆိုဆိုပင် နှင်းအိက စာအုပ်တစ်အုပ်ကိုယူကာ သူမဘေးမှာ လာ၍ထိုင်သည်။ ပြီး စာရွက်ကို တဖျပ်ဖျပ်လှန်ကာ ကြည့်သည်။

www.burmeseclassic.com



"ဒီမှာတွေ့ပြီ၊ လက်ျာဘက် အောက်မျက်ခမ်းလှုပ်မှု ချစ်သူကိုတွေ့ရအံ့၊ ရန်တွေ့ရအံ့တဲ့၊ ဒီမှာဖတ်ကြည့်"

ပြောပြောဆိုဆိုမင် နှင်းအိက သူမ၏လက်ထဲသို့ အသား လှုပ်နိမိတ်စာအုပ်ကို ထည့်ပေးသည်။ ယူကာဖတ်ကြည့်လိုက်တော့ လည်း နှင်းအိပြောသလိုပင် စာအုပ်မှာ ရေးကာထားသည်။

"ဒါကြောင့် ဒီလူနဲ့ငါ စကားများရတာကိုး"

သူမ၏စကားအဆုံးမှာ နှင်းအိက သူမကို မချိုမချဉ်ဖြင့် ကြည့်သည်။

"ဘာကြည့်တာလဲ၊ မျက်နှာက ပြုံးစိစိနဲ့"

မလုံမလဲဆိုသော သူမ၏စကားကို နှင်းအိက ချက်ချင်း မဖြေသေး။ ပြုံးဖြီးဖြီးကြီး လုပ်နေသေးသည်။ အတန်ကြာတော့မှ

"စာအုပ်ထဲမှာက ချစ်သူကိုတွေ့အံ့၊ ရန်တွေ့အံ့ဆိုပြီး တော့ ပြောထားတယ်မဟုတ်လား၊ ဟိုတစ်နေ့က နင်တွေ့တယ်ဆို တဲ့လူက နင့်ချစ်သူများဖြစ်နေမလားလို့ တွေးမိလို့ပါ၊ စာထဲမှာပါ တဲ့အတိုင်း ရန်လည်းဖြစ်ကြတယ်မဟုတ်လား"ဟု ပြောင်ချော်ချော် ဆိုသည်။

"နင်ကလည်း ထင်ရာမြင်ရာတွေ စွပ်ပြောနေပြန်ပြီ"

သူမ ရှက်ရှက်ဖြင့် နှင်းအိကိုဆိုဖြစ်သည်။

"ချစ်သူကိုတွေ့အံ့ ဆိုတာက သပ်သပ်၊ ရန်တွေ့အံ့ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တသပ်သပ်၊ တစ်ခုမဟုတ်တစ်ခုဖြစ်မယ်လို့ ပြောတာ၊ နင်က နှစ်ခု စလုံးကို ရောပြီး မြင်နေထင်နေတာ"

သူမ၏ နောက်ဆက်တွဲအဆိုကြောင့် နှင်းအိက လျှာကို ထုတ်ပြသည်။

"နှစ်မျိုးစလုံးလည်း ဖြစ်နိုင်တာပဲ၊ ချစ်သူနဲ့လည်းတွေ့၊ ရန်လည်းဖြစ်၊ အဲဒီနေ့ နှစ်ယောက်တစ်အိပ်မက်တွေတောင် မက်နေကြပြီဆိုတော့လေ"

နှင်းအိက မျက်နှာကိုမော့ကာထားရင်း တစ်ယောက်တည်း ရေရွတ်သလိုလို သူမကိုပဲ ဆိုသလိုလိုနှင့် မထိတထိလုပ်သည်။

"ငါ့ကို ဒေါသထွက်အောင်မလုပ်နဲ့နော် နှင်းအိ၊ ငါ့မှာ ဒီနေ့ အင်တာဗျူးရဲ့ Result ထွက်မှာမို့လို့ နေမရထိုင်မရဖြစ်နေရ တဲ့ကြားထဲ နင်ကတစ်မျောင့်၊ အဲဒီလူနဲ့ငါနဲ့က ချစ်သူတော့ ဖြစ်မှာ မဟုတ်ဘူး၊ ဖြစ်ချင်းဖြစ် ရန်သူပဲဖြစ်မှာ"

သူမ၏စကားအဆုံးမှာ နှင်းအိက သေချာရဲ့လားဟု ပြောင်စိစိဖြင့်ဆိုသည်။

"သိပ်သေချာတာပေါ့၊ လူပုံစံက ကြောင်တောင်တောင်၊ ပြောတဲ့စကားတွေကလည်း ဂေါက်ကြောင်ကြောင်နဲ့၊ ရုပ်ကလည်း တည်တည်ကြည်ကြည်ကိုမရှိဘူး၊ မျက်နှာရှုးရုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ချိုးမွှမ်းခန်းတွေ ဖွင့်နေပြန်ပြီ၊ အဲဒီလောက်ကြီးလည်း အမွှန်းမတင်ပါနဲ့ဟယ်၊ တစ်ဖက်သားကို ပြောနေလိုက်တာများ"

သူမ၏စကားကို နှင်းအိက ရွဲ့ကာဆိုသည်။ ပြီး. . .

"ဒါနဲ့ စကားမစပ် ရုပ်မဖြောင့်ဘူးလား၊ သာမန်ပဲလား"

ဟု ပြုံးစိစိဖြင့်မေးသည်။

နှင်းအိမေးတော့မှ ထိုလူကို မျက်လုံးထဲမှာ ပြန်၍ မြင်ယောင်မိသည်။ အမှန်အတိုင်းဝန်ခံရလျှင်တော့ ထိုလူ၏ရုပ်က မင်းသားလုပ်လို့ရတဲ့အထိ ဖြောင့်တာတော့ သေချာသည်။ ရုပ်ဖြောင့်သလောက် လူက ဂေါက်ကြောင်ကြောင်ဖြစ်နေ ခြင်းက ဆိုးသည်။

"ဟဲ့. . . ငါမေးနေတာဖြေဦးလေ၊ အဲဒီလူဖြောင့်လားလို့"

"အင်း. . . ရုပ်ကတော့ ဖြောင့်တယ်ဆိုတာထက်တောင် ချောနေသေးတယ်၊ ဒါပေမယ့် လူက အူကြောင်ကြောင်ကြီးဟ"

နှင်းအိ၏အမေးကို သူ မဖြေဖြစ်။ ထိုလူရော အင်တာဗျူး အောင်မည်လား၊ မအောင်လားမသိ။

သူမ၏ မသိစိတ်မှာတော့ ထိုလူကို အင်တာဗျူး အောင် စေချင်နေမိသလိုလိုရှိသည်။ ဘာရယ်မဟုတ် သူမ နှင်းအိကို မလုံ မလဲကြည့်ဖြစ်သည်။ နှင်းအိကတော့ သူ့အတွေးနှင့်သူ ရှိကာနေ သည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com

In defeat undefeatable, in victory unbearable.

ရှုံးနေတုန်းကတော့ အရှုံးမပေးစတမ်း ကြံ့ကြံ့ခံနိုင်တယ်။
အောင်နိုင်တဲ့အခါကျတော့ ကြံ့ကြံ့မခံနိုင်တော့ဘူး။

Winston Churchill

xxxxxx

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဦးလေးကကွာ ဆင်းဆင်းရဲရဲနဲ့ ရုန်းကန်နေရတုန်းက သူ့မိန်းမကိုလည်း ချစ်လိုက်တာ၊ ငွေဆိုရင်လည်း ချွေချွေတာတာနဲ့ အရမ်းစေ့စေ့စပ်စပ်သုံးတာ၊ ဟော အခု ငွေလည်းချမ်းသာရော ယောင်ယောင်ကလည်း ဘယ်နှယောက် ရှိလို့ရှိမှန်းမသိဘူး၊ ပြီးတော့ ငွေအသုံးကြမ်းချက်ကလည်း ရက်စက်တယ်"

ခန့်ပိုင်က မျက်နှာကိုရှုံ့မဲ့ရင်းက ဆိုသည်။

"ဒီအတိုင်းသာဆို နင့်ဦးလေး မကြာခင်မှာ ပြန်ကျလိမ့်မယ်သိလား၊ စီးပွားရေးမကျရင်တောင်မှ လူမှုရေးပိုင်း၊ စာရိတ္တပိုင်းမှာ ကွာလတီကျပြီးရင်း ကျဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com

ပန်းနုငယ်က ဆရာမကြီးလေသံဖြင့် ဆိုသည်။ ခန့်ပိုင်က 'ဆရာမကြီးလား'ဟူသော အကြည့်ဖြင့် ပန်းနုငယ်ကိုကြည့်သည်။

"ဝင်စတန်ချာချီ(လ်)ရဲ့ စကားတစ်ခွန်းရှိတယ်၊ လူတွေက ရှုံးနိမ့်တုန်းကသာ ကြံ့ကြံ့ခံနိုင်တာ၊ အောင်နိုင်တဲ့အချိန်ကျ ကြံ့ကြံ့မခံနိုင်တော့ဘူးတဲ့၊ အခုက အဲဒီစကားလိုဖြစ်နေတာပေါ့"

သူ၏စကားအဆုံးမှာ ပန်းနုငယ်က ဆရာမကြီးအထာဖြင့် အမှန်ပဲဟုဆိုရင်း လက်ဖျစ်တီးသည်။ ခန့်ပိုင်က ထုံးစံအတိုင်း ကြည့်မရဟန်ဖြင့် ပေစောင်းပေစောင်း လုပ်သည်။ ပြီး

"ဒါပြောချင်တာများကွာ ကြီးကြီးကျယ်ကျယ်နဲ့ ဝင်စတန်ချာချီ(လ်)တွေဘာတွေ လျှောက်ပြောနေတယ်၊ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်တယ်၊ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်ဘူးလို့ မြန်မာလို ရိုးရိုးပြော လည်းရပါတယ်"

ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။ ပန်းနုငယ်က. . .

"တစ်ခါတလေကျတော့လည်း အဲဒီလို အကြီးကြီးတွေ ပြောရတယ်ဟဲ့၊ အဲဒါမှ အရသာ. . . ရှိ. . . တာ"

ဟု အသံကိုဆွဲကာပြောရင်း မျက်လုံးမှိတ်ကာဆိုသည်။ ထိုစဉ်မှာပင် သူ့ဖုန်းက မြည်လာသည်မို့ အိတ်ကပ်ထဲမှထုတ်ကာ ကိုင်ဖြစ်သည်။

"ဟဲလို"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းသက်ဇော်ပါလား"

"ဟုတ်ကဲ့ခင်ဗျ"

"ဩော်. . . ဂျာနယ်တိုက်ကပါ။ ရှင်အင်တာဗျူးအောင်တဲ့ အကြောင်း လှမ်းအကြောင်းကြားတာ၊ သန်ဘက်ခါ ကိုးနာရီက စပြီး အလုပ်ဆင်းလို့ရပါပြီရှင်"

ကြားရသောစကားကြောင့် သူ ဝမ်းအသာကြီး သာသွားရသည်။

"ကျေးဇူးပါပဲဗျာ၊ အကြောင်းကြားပေးတဲ့အတွက်"

ဝမ်းသာလွန်း၍ စကားတွေပင် ရှေ့နောက် ဆီလျော်ခြင်းမရှိတော့။

"ရပါတယ်ရှင်၊ ဒါဆို ဖုန်းချလိုက်ပြီနော်"

"နေ. . . နေပါဦး"

သူ သူမအောင်မအောင် သိချင်နေသည်မို့ 'နေပါဦး'ဟု ဆိုဖြစ်သည်။ တစ်ဖက်က ဟဲလိုဟု ပြန်ထူးသည်။

"ဟို. . . ကျွန်တော့်သူငယ်ချင်း တစ်ယောက်ကော အောင်ရဲ့လားလို့ သိချင်လို့ပါခင်ဗျ၊ အဲဒါလေး မေးကြည့်ချင်လို့ပါ"

"ရပါတယ်၊ နာမည်လေးတစ်ချက်လောက် ပြောပေးပါ"

သူ ရင်ခုန်နေသည်မို့ ချက်ချင်းကြီး စကားကမထွက်။

www.burmeseclassic.com

www.burmeseclassic.com



"ယ. . . ယွန်းနှင်းဆီပါခင်ဗျ"

"ဩော်. . . ယွန်းနှင်းဆီလား အောင်ပါတယ်ရှင်၊ အလုပ်သင်သတင်းထောက်ခေါ်တဲ့ လေးယောက်မှာ သူလည်းပါတယ်"

"ဟုတ်လား. . . အခုလိုဖြေပေးတာ ကျေးဇူးပဲဗျာ"

"ဟုတ်ကဲ့၊ ရပါတယ်၊ ဒါပဲနော်"

တစ်ဖက်မှ ဖုန်းချသွားသည်နှင့် ခန့်ပိုင်က သူ့ကိုမေးငေါ့သည်။

"ပန်းနုငယ်ရေ နင့်ကောင်ကိုကြည့်ဦး၊ မျက်နှာကြီးကို မဖုံးနိုင်မဖိနိုင်နဲ့ ဖြီးနေတာပဲ၊ ပါးစပ်ကို မစိနိုင်ဘူး"

"ဒါတောင် သူမို့လို့၊ ငါသာဆို ထခုန်ပြီး လက်သီးလက်မောင်းတွေတန်းပြီး ပျော်တဲ့အိုက်တင်ကို မျက်လုံးတွေ မျက်တောင်မွှေးတွေနဲ့ လုပ်ပစ်ဦးမှာ သိလား"

အိုက်တင်တွေကို ရှူးသွပ်ကာ မင်းသမီးဖြစ်ချင်သူ ပန်းနုငယ်၏ အဆိုကြောင့် သူ ဟက်ခနဲ ရယ်ဖြစ်သည်။ ခန့်ပိုင်ကတော့ 'ရှူးပဲ့'ဟုဆိုရင်း ခွီးခနဲရယ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



An expert is someone who knows some of the worst mistakes that can be made in his subject and how to avoid them.

ကျွမ်းကျင်သူတစ်ဦးဆိုသည်မှာ ရင်းလုပ်ကိုင်နေသည့်ထဲမှ ဖြစ်ပေါ်လာနိုင်သော အဆိုးရွားဆုံး အမှားအချို့ကို သိရှိပြီး ယင်းတို့နှင့် လွတ်ကင်းစေရန်လည်း ရှောင်တတ်သူဖြစ်၏။

Werner Carl Heisenberg

××××

www.burmeseclassic.com

www.burmeseclassic.com



"အလုံ့သင် သတင်းထောက်ဘဝကနေ ကျွမ်းကျင်တဲ့ သတင်းထောက်ဖြစ်တဲ့အထိ အားလုံးကြိုးစားစေချင်တယ်၊ လိုအပ်တာ၊ သိချင်တာရှိရင် ကိုယ့်ထက်စီနီယာကျတဲ့ သတင်းထောက်တွေဆီမှာ မေးမြန်းပြီး လေ့လာပါ"

အယ်ဒီတာချုပ်ကြီး၏ စကားအဆုံးမှာ သူမကို သူ တစ်ချက်ခိုးကြည့်ဖြစ်သည်။ သူမက စိတ်ဝင်စားစွာပင် နားထောင်နေဆဲဖြစ်သည်။

"ကျွမ်းကျင်တဲ့လူတစ်ဦးဆိုတာက သူလုပ်တဲ့အလွှဲမှာ ဖြစ်လာနိုင်တဲ့ ဆိုးရွားသော အမှားများကို သိပြီးတော့ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



အမှားမျိုးမဖြစ်အောင် ရှောင်တတ်တဲ့လူကို ခေါ်တာ၊ ဒီတော့ ကိုယ်ပတ်သက်ရမယ့် အနုပညာရှင်တွေ ဘယ်သူနဲ့မှ ပြဿနာ မဖြစ်မိအောင် ဂရုစိုက်ရမယ်၊ အားလုံးကြိုးစားပေါ့၊ ကဲကဲ ကိုယ့်စားပွဲကိုယ် ပြန်ကြတော့"

အယ်ဒီတာချုပ်၏ စကားအဆုံးမှာ သူတို့လေးယောက် စလုံး သူတို့အလုပ်သင်များ၏ သီးသန့်ရုံးခန်းထဲ ပြန်လာကြသည်။ လေးယောက်အနက် ယောကျ်ားလေးကနှစ်ယောက် မိန်းကလေး က နှစ်ယောက်ဖြစ်သည်။

"ကဲ ကဲ ကျွန်တော်တို့အချင်းချင်း မိတ်ဆက်ကြတာပေါ့ ဗျာ၊ ကျွန်တော်က ကောင်းသက်ဇော်ပါ၊ သူကတော့ ယွန်းနှင်းဆီ"

သူကိုယ်သူ မိတ်ဆက်ရင်းက တစ်လက်စထဲ သူမ၏ နာမည်ကိုပါ မိတ်ဆက်ပေးပစ်လိုက်သည်။ သူမကိုယ်သူမ မိတ်ဆက်ရန်ပြင်နေရာမှ အတင်းကြီး ခပ်တည်တည်ဝင်၍ ဆိုသော သူ့ကို အံ့သြသွားဟန်ဖြင့် ကြည့်သည်။ ပြီး အံ့သြနေရာမှ ဒေါသထွက်လာဟန်ဖြင့် တစ်ခုခုပြောရန်ပြင်စဉ်မှာ. . .

"ကျွန်တော်က ရန်နောင်ပါ"

ဟု တစ်ယောက်က မိတ်ဆက်သည်။

"ကျွန်မက မဥ္စူပါ"

ကျန်ကောင်မလေးကလည်း ပြုံးပြရင်း ဆိုသည်။ သူမက



www.burmeseclassic.com

www.burmeseclassic.com



တော့ ရန်နောင်နှင့် မဥ္ဇူကို မချိုပြုံးပြုံးပြုံးပြုံးပြရင်း သူ့ကိုတော့ မျက်စောင်းဖြင့် မကြည်ကြည့် ကြည့်သည်။

"ဘာပဲပြောပြော ကျွန်တော်တို့လေးယောက်က အလုပ် အတူတူဝင်ကြတဲ့ ရဲဘော်ရဲဘက်တွေဆိုတော့ဗျာ တစ်ယောက် ကိုတစ်ယောက် အပြန်အလှန် ရိုင်းပင်းကူညီကြရင်း ဘာပဲကြုံကြုံ အပြစ်မမြင်ကြကြေးပေါ့ဗျာ နော"

အစွမ်းကုန်ပြုံးပြရင်း ဆိုသော သူ့စကားကြောင့် ရန်နောင်နှင့် မဥ္ဇူက 'ဒါပေါ့'ဟု ထောက်ခံကြသည်။ သူမကတော့ ဗိုင်းခနဲနေအောင် မျက်စောင်းထိုးရင်း မကြားသလိုလုပ်ကာနေ သည်။

"ဒါနဲ့ မဥ္ဇူတို့က ဒီနေ့ဘာလုပ်ရမလဲမသိဘူးနော်"

မဥ္ဇူက သူ့ကိုကြည့်ရင်း အမေးရှိသည်။

"ကျွန်တော့်အထင်ကတော့ စီနီယာတွေက သူတို့ အင်တာဗျူးသွားမယ့် နေရာတွေကို ခေါ်သွားမယ်ထင်တယ်၊ ဥပမာ ရှူတင်ဆိုလည်း ရှူတင်ရှိတဲ့နေရာပေါ့ဗျာ"

"ဟုတ်တယ်"

သူ၏စကားအဆုံးမှာ ရုံးခန်းဝမှ 'ဟုတ်တယ်'ဆိုသော စကားကြောင့် သူတို့လေးယောက်သား ရုံးခန်းဝဆီ ကြည့်မိကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့က မင်းတို့ရဲ့ စီနီယာသတင်းထောက် စန္ဒာချို ရင်းရင်းနှီးနှီးဖြစ်အောင် မမချိုလို့ပဲခေါ်ပေါ့"

"ဟုတ်ကဲ့"

သူ့ကိုကြည့်ကာ ဆိုနေသည်မို့ သူ ဟုတ်ကဲ့ဟုဆိုဖြစ်သည်။ ပြီး 'မိတ်ဆက်ပေးရမည်'ဟူသော အသိဖြင့် လည်ချောင်းရှင်းဖြစ်သည်။

"အဟမ်း. . . ဟုတ်ကဲ့ ကျွန်တော်က ကောင်းသက်ဇော်ပါ မမချို သူက ယွန်းနှင်းဆီ၊ သူက ရန်နောင်၊ သူက မဥ္ဇူပါ"

တစ်ယောက်ချင်းစီကို ညွှန်ပြရင်း သူဆိုဖြစ်သည်။

"ဟုတ်ပြီ၊ စောစောက ကောင်းသက်ဇော်ပြောသလိုပဲ မ,တို့တိုက်က စီနီယာတွေက မင်းတို့ကို ရှုတင်တို့ဘာတို့ ခေါ်သွားပြီးတော့ ဘယ်လိုသတင်းယူလဲဆိုတာလည်း သိအောင်ရယ်၊ အနုပညာရှင်တွေနဲ့ မျက်နှာချင်း ရင်းနှီးအောင်လည်း မိတ်ဆက်ပေးမယ်၊ နောက်ဆိုရင်တော့ သတင်းယူဖို့ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းပဲ သွားရမယ်၊ အဲဒီလို တစ်ယောက်တည်း သတင်းသွားယူရမယ့် အနုပညာရှင်က ကိုယ်နဲ့ တစ်ခါမှမဆုံဖူး၊ မတွေ့ဖူးသေးတာမျိုးလည်း ရှိချင်ရှိမယ်"

မစန္ဒာချိုက ရှည်လျားစွာရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးခွန်းတွေ မေးတတ်အောင်လည်း Guide Line ပေးပြီး စီစဉ်ပေးမယ်၊ ကိုယ်ကိုယ်တိုင်ကလည်း ကိုယ်မေးမယ့် အနုပညာရှင်နဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်တစားနဲ့ ကြိုလေ့လာထားရမယ်၊ မေးချင်တဲ့ မေးခွန်းတွေကို ကြိုတွေးပြီး စီစဉ်ထားရမယ်"

သူတို့အားလုံး ခေါင်းညိတ်ဖြစ်ကြသည်။

"ကဲ. . . ကဲ ခဏနေကျ မတို့ စီနီယာတွေ လာခေါ်မယ်နော်"

ပြောရင်း မစန္ဒာချိုက သူမတို့၏စီနီယာ သတင်းထောက်များအခန်းကို ထွက်ကာသွားသည်။ ရန်နောင်က သူ့နားကပ်လာရင်း လေသံကိုနှိမ့်ကာ. . .

"ဒီနေ့ ဘယ်မင်းသမီးနဲ့များ တွေ့ရမလဲမသိဘူးဗျာ"

ဟု ခပ်ပြုံးပြုံးဖြင့်ဆိုသည်။

"မဥ္ဇူကတော့ ညာဘက်မျက်ခုံးတွေ လှုပ်နေတယ် ယွန်းနှင်းဆီရေ"

မဥ္ဇူက သူမကိုလှမ်းပြောရင်း ပခုံးကိုတွန့်သည်။

"ဟုတ်လား. . . ကျွန်တော်ကတော့ ဘယ်ဘက်မျက်ခုံးတွေ လှုပ်နေတယ်"

ရန်နောင်က ဘယ်ဘက်မျက်ခုံးကို ပွတ်ရင်း ဆိုသည်။

"နေဦး ယွန်းဆီမှာ သူငယ်ချင်းဆီကယူလာတဲ့အသား

ဝိ ၊ မို ၊ ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ကျမ်းစာအုပ် သေးသေးလေးပါတယ်၊ ယွန်း ကြည့်ပေးမယ်"

သူမက ပြောပြောဆိုဆို သူမ၏ဘေးလွယ်အိတ်ထဲမှ လက်ဝါးသာသာ စာအုပ်ငယ်တစ်အုပ်ကိုထုတ်ကာ လှန်ကြည့်သည်။

"အင်း. . . လက်ဝဲမျက်ခုံးလှုပ်မှု ကြံသမျှပြီးအံ့၊ မိတ်ဆွေကောင်းတွေ့အံ့တဲ့ ကိုရန်နောင်ရဲ့၊ ဒီမှာ လက်ယာ မျက်ခုံး လှုပ်မှု ခင်ပွန်းပူဇော်အံ့၊ လာဘ်ရအံ့တဲ့ မဥျှရဲ့"

သူမ၏စကားအဆုံးမှာ သူ သူမကိုကြည့်ဖြစ်သည်။

"ကျွန်တော် ကြားဖူးတာကတော့ မျက်ခုံးလှုပ်ရင် အခြေအနေက တစ်မျိုးကြီးလို့ပြောတာ မဟုတ်ဘူးလား၊ မျက်ခုံးက တော့ ခပ်လှုပ်လှုပ်ပဲလို့ ပြောတတ်ကြတယ်လေ၊ ဟုတ်တယ် မဟုတ်လား"

သူ့စကားအဆုံးမှာ သူမက သူ့ကို စူးခနဲကြည့်သည်။ ပြီး သူမလက်ထဲမှ စာအုပ်ကို သူ့လက်ထဲထည့်ပေးရင်း. . .

"မယုံရင် အဲဒီမှာဖတ်ကြည့်၊ ကျွန်မက ရမ်းသမ်းပြော နေတာမဟုတ်ဘူး၊ အထောက်အထားနဲ့ ပြောနေတာ"

ဟု ခပ်စွာစွာပင်ဆိုသည်။

"ကဲပါ. . . ခင်ဗျားတို့နှစ်ယောက်ကလည်း အင်တာဗျူး ဖြေတဲ့နေ့ကတည်းက စကားများလိုက်ကြတာ ခုထိကိုမပြီးသေး

www.burmeseclassic.com



ဘူး၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်းတွေပဲဗျာ၊ စောစောက ကိုကောင်းသက်ဇော် ပြောသလို အပြစ်မမြင်ကြကြေးပဲ နေကြမှ ပေါ့"

"ဟုတ်ပ. . . ယွန်းတို့နှစ်ယောက်ကို ကြည့်ရတာ ရှုံးမရောက်ခင် အိမ်မှာကတည်းက ရန်ဖြစ်လာတဲ့ပုံစံမျိုးကြီး"

ရန်နောင်၏စကားအဆုံးမှာ

"အိမ်ကတည်းက ရန်ဖြစ်လာမှန်း ဘယ်လိုလုပ်သိလဲ"

ဟု ရွှတ်နောက်နောက်ဖြင့် သူဆိုဖြစ်သည်။

"ဘာပြောတယ်"

သူ့စကားကြောင့် သူမက 'ဘာပြောတယ်'ဟု ဆောင့်ကြီးအောင့်ကြီး။

"နောက်တာပါဗျာ၊ ပျော်စေပျက်စေ ဆိုပြီးတော့"

"ရှင်တော့ပျော်ချင်ပျော်မယ်၊ ကျွန်မကတော့ မပျော်ဘူး၊ ဘယ်လိုလူမှန်းမသိဘူး၊ ပေါကြောင်ကြောင်နဲ့၊ လာ မဥ္ဇူ ဟိုဘက်မှာ သွားထိုင်မယ်"

သူမက ရှက်အမ်းအမ်းဖြင့် ပွစိပွစိရွတ်ကာ စားပွဲလေးလုံးအနက်မှ တစ်ဖက်ထိပ်ရှိ မျက်နှာချင်းဆိုင် စားပွဲနှစ်လုံးဆီ လျှောက်ကာသွားသည်။

မဥ္ဇူက သူ့ကိုပြုံးစိစိဖြင့် ပခုံးတွန့်ပြသည်။ သဘောက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပြဿနာ ကိုယ်ရှင်းဆိုသည့်သဘော။

သူမကတော့ သူ့ကို လှည့်ပင်မကြည့်တော့။

သိပ်မကြာခင်မှာပင် စီနီယာ အစ်ကိုနှစ်ယောက်နှင့် အစ်မနှစ်ယောက်က သူတို့လေးယောက်ကို လာခေါ်သည်။

ရှုတင်လေးနေရာကို ခွဲပြီးသွားရမည်ဖြစ်သည်။ သွားခါနီးမှာ သူ သူမဆီ အသာကပ်သွားရင်း 'သေသေချာချာ လေ့လာခဲ့၊ ကြားလား'ဟု ခပ်တိုးတိုးဆိုဖြစ်သည်။

"ရှင့်အပူလား၊ လျှာကိုရှည်တယ်"

သူမကလည်း အံကိုကြိတ်ကာ အသံကိုနှိမ့်ရင်း ပက်ခနဲ ပြန်၍ဆိုသည်။ ဒေါသထွက်နေသော သူမကိုကြည့်ရင်း ဟက်ခနဲ သူရယ်ဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လေးယောက် တစ်ယောက်ရဲ့ဖုန်းနံပါတ်ကို တစ်ယောက်သိအောင် လဲထားကြမယ်လေ၊ အရေးအကြောင်းဆို ဆက်သွယ်လို့ရတာပေါ့"

"ကောင်းသားပဲ"

အလုပ်ဝင်ပြီး ဒုတိယရက်မှာ ဆိုသော သူ၏စကားကို မဥ္ဇူက ထောက်ခံသည်။ ရန်နောင်ကလည်း လက်မထောင်ပြရင်း ဟုတ်တယ်ဟုဆိုသည်။

"ယွန်းကတော့ ကိုရန်နောင်နဲ့ မဥ္ဇူဆီက ဖုန်းနံပါတ်သိချင်တယ်၊ ပြီးတော့ ယွန်းဖုန်းနံပါတ်ကိုလည်း ပေးမယ် သိလား"

ဝိ ၊ ပိ ၊ ၈၁၉ပ

www.burmeseclassic.com



ခပ်တည်တည်ဆိုသော သူမ၏စကားကြောင့် သူ နင်ခနဲ ဖြစ်သွားရသည်။

သူမက ပြောပြောဆိုဆို ဘယ်တုန်းကတည်းက လုပ်ထားမှန်းမသိသော လိပ်စာကတ်နှစ်ကတ်ကို သူမ၏အိတ်ထဲမှ ထုတ်ကာ ချွေးနှင့် ရန်နောင့်ဆီသို့ တစ်ကတ်စီပေးသည်။

"အိမ်လိပ်စာပါပါတယ်၊ လမ်းကြုံရင် ဝင်လည်ကြနော်"

"စိတ်ချပါ. . . ဝင်လည်မှာပေါ့"

သူမ၏ ရိုသဲ့သဲ့စကားအဆုံးမှာ သူမျက်နှာပြောင်တိုက်တာ တမင်ပင် ဝင်ပြောပစ်လိုက်သည်။ ပြောင်ချော်ချော်ဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမက သူ့ကို မျက်မှောင်ကျုံ့ကာကြည့်သည်။

"ရှင့်ကို ဘယ်သူက အလည်ခေါ်လို့လဲ၊ စိတ်ချပါ ဝင်လည်မှာပေါ့တွေ ဘာတွေ ထပြောနေရတာလဲ"

"ဟာ. . . ခင်ဗျား မြန်မာစကားကို သိပ်နားမလည်ဘူးနဲ့ တူတယ်၊ ကျွန်တော်ပြောတဲ့စကားတွေထဲမှာ ကျွန်တော် ဝင်လည်မယ်ဆိုတာ တစ်ခွန်းမှမပါဘူး၊ ခင်ဗျားက သူတို့နှစ်ယောက်ကိုပဲ လိပ်စာကတ်ပေးပြီးတော့ ဝင်လည်ဖို့ ဖိတ်ခေါ်တာမဟုတ်လား၊ ကျွန်တော်က သူတို့ကိုယ်စား ဝင်ပြောပေးတာပါ၊ သူတို့ဝင်လည်မှာပေါ့လို့ စိတ်ချလို့ ပြောပေးတာ၊ ကိုယ်စားဝင်ပြောပေးတာ"

www.burmeseclassic.com

## ၂၆

သူ ညစ်ကျယ်ကျယ်ပင် ဆိုဖြစ်သည်။ သူမက ဒိုင်းခံနေအောင် မျက်စောင်းထိုးရင်း 'မလိုပါဘူး သူတို့မှာလည်း ပါးစပ်ပါတယ်'ဟု ခပ်ဆတ်ဆတ်ဆိုသည်။ သူ သူမ၏ဒေါသထွက်နေပုံကို ကြည့်ရင်း သူ ဟက်ခနဲရယ်ဖြစ်သည်။

"စိတ်ချပါဗျာ. . . ခင်ဗျားက ကိုကောင်းသက်ဇော်ရေယွန်းရဲ့အိမ်ကို လမ်းကြုံကြုံ မကြုံကြုံ ဝင်လည်ပါဦးနော် ဆိုရင်တောင် ကျွန်တော်က ဝင်မလည်ပါဘူး၊ ကျွန်တော်က သိပ်မရင်းနှီးတဲ့လူတွေရဲ့ အိမ်တွေဆို သွားလေ့သွားထမရှိဘူးဗျ၊ သူတို့စိတ်ထဲမှာက ကိုယ့်အပေါ်မှာ မရိုးမသားတွေ ကြံစည်နေမှန်းမသိဘာမှန်းမသိနဲ့ အဟမ်းဟမ်း"

"အောင်မာမာ. . . ရှင်. . . ရှင်"

ကချော်ကချွတ်ဖြင့် ဆိုလိုက်သော သူ့စကားကြောင့် သူမက ဒေါသတွေ အကြီးအကျယ်ထွက်ရင်း စကားကို ဘာပြောလို့ပြောရမှန်းမသိ ဖြစ်ကာနေသည်။

မဥျူနှင့် ရန်နောင်ကတော့ တခွီးခွီးဖြင့် ရယ်နေကြသည်။ ထိုစဉ်မှာပင် မမချို ဝင်လာသည်မို့ အားလုံး မျက်နှာပိုးသတ်ဖြစ်ကြသည်။

"ဒီနေ့က အလုပ်တွေ အရမ်းများနေတယ်၊ နီနီတို့မောင်လေးတို့ကို နှစ်ယောက်စီ လူခွဲပြီးတော့ ရှင်းနှစ်ခုလွှတ်မယ်၊ သတင်းခေါင်းပုံကို ကိုယ့်ဘာသာကိုယ်ရိုက်ပြီး သတင်း

www.burmeseclassic.com



ယူခဲ့ကြ၊ ဂျာနယ်ထဲမှာ ထည့်လို့ရတဲ့ ဓာတ်ပုံ ဖြစ်ပါစေနော်၊ သတင်းလည်း အဲဒီလိုပဲ”

“ဟုတ်ကဲ့”

လေးယောက်သား ‘ဟုတ်ကဲ့’ဖြစ်ကြသည်။

“မောင်ကောင်းသက်ဇော်နဲ့ ယွန်းနှင်းဆီနဲ့က (. . . .) မှာရှိတဲ့ ရှုတင်ကိုသွား၊ ရန်နောင်နဲ့ မဥ္စူနဲ့က (. . .)မှာရိုက်နေတဲ့ ရှုတင်ကိုသွား၊ ဖြစ်တယ်မဟုတ်လား”

မမချို၏စကားအဆုံးမှာ သူမက မျက်နှာကြီးရှုံ့မဲ့ရင်းက

“မမချို. . . သမီး ရန်နောင်နဲ့ပဲဖြစ်ဖြစ်၊ မဥ္စူနဲ့ပဲဖြစ်ဖြစ် သွားလို့မရဘူးလား”ဟု ဆိုသည်။

“ဘာဖြစ်လို့လဲ ညီမလေးရဲ့”

မမချိုက မျက်ခုံးကို အနည်းငယ်ပင့်ရင်း ဆိုသည်။

“ဘာမှမဖြစ်ပါဘူး၊ သူက မမချိုကိုနောက်နေတာ၊ သူက အဲဒီလိုပဲ နောက်တတ်တယ်၊ ကဲ ကဲ ယွန်း ဆယ်နာရီတောင်ခွဲနေပြီ၊ ရှုတင်စတည်ချိန် အမှီသွားရအောင်”

သူ၏ ကမန်းကတမ်းဆိုသောစကားကြောင့် သူမက မျက်လုံးကြီးပြူးကာ သူ့ကိုကြည့်သည်။ မမချိုကတော့ ‘ပြီးရော’ဟု ဆိုရင်း ထွက်ကာသွားသည်။ ရန်နောင်နှင့် မဥ္စူကတော့ ထုံးစံအတိုင်း တခွိုးခွိုးဖြင့် ရယ်လို့သာနေသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"ရှင် လမ်းတွေဘာတွေရော သေသေချာချာသိရဲ့လား"

ရှုတင်ရှိရာနေရာကို မသိဘဲ အနည်းငယ်ရှာလည်နေချိန် သူမက သူ့ကိုမေးသည်။ 'မသိဘူး'ဟု ဝန်ခံပြန်လျှင်လည်း သိက္ခာကကျဦးမည်။

သူ ခပ်တည်တည်ပင် သူမကို ကြည့်ဖြစ်သည်။

"ဒီမှာ ယွန်း၊ ကျွန်တော်က ရန်ကုန်သားဗျ၊ ရန်ကုန်တစ်ခွင် ပြုပြစ်အောင် သွားတတ်လာတတ်ပြီးသား၊ ယွန်းကိုကြည့်ရတာ အခုရှုတင်ရှိတဲ့နေရာကို လုံးဝမရောက်ဖူးဘူးနဲ့တူတယ်၊ မသိဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ၏သွေးတိုးစမ်းစကားကြောင့် သူမက သူ့ကို စူးခနဲ ကြည့်သည်။

"ကျွန်မကလည်း ရန်ကုန်သူစစ်စစ်ပါနော်၊ ရန်ကုန်မှာ ဘယ်နေရာ ဘာရှိလဲဆိုတာ မျက်စိမှိတ်ပြီးတော့တောင် ပြောလို့ရတယ်၊ ရန်ကုန်မှာ ဘယ်နေရာမှာ အပ်ကျတယ်ဆိုတာကအစ ယွန်းတို့မသိတာမရှိဘူး"

ဒေါကန်ကန်ဖြင့်ဆိုသော သူမ၏စကားကြောင့် သူပြုံးဖြစ်သည်။

"ဒါဆို ယွန်းရှေ့ကသွား၊ ကျွန်တော် နောက်ကနေ လိုက်ခဲ့မယ်"

သူ ဝမ်းသာအားရပင် ဆိုဖြစ်သည်။ တကယ်တော့ သူ ရွှတင်ရှိရာ ရိုက်ကွင်းကို မသွားတတ်။ သူ့စကားအဆုံးမှာ သူမက ခေါင်းယမ်းသည်။

"ဘာကိစ္စ ယွန်းက ရှေ့ကသွားရမှာလဲ၊ ရှင်ယောကျ်ား မဟုတ်ဘူးလား၊ ရှင်ရှေ့ကသွား၊ ကျွန်မနောက်ကလိုက်မယ်"

သူမ၏ ဂျစ်ကန်ကန်အဆိုကြောင့် သူစိတ်ညစ်သွားရသည်။ ဖိန့်ဖိန့်ဖြင့် သူမနောက်ကနေ ခပ်တည်တည်လိုက်မည်ဟု စဉ်းစားထားသော်လည်း သူမ၏အဆိုကြောင့် သူဦးဆောင်ရမည့် အနေအထားဖြစ်နေသည်။ သူစိတ်ညစ်ညစ်ဖြင့် အကြံအိုက်



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ရှေ့မှဖြတ်သွားသော ဆိုက်ကားကိုကြည့်ကာ သူ့အကြံရ သွားသည်။ ထို့ကြောင့် ဆိုက်ကားဟု လှမ်းအော်ရင်းတားဖြစ် သည်။

ဆိုက်ကားဆရာက သူတို့နှစ်ယောက်ရှိရာသို့ နင်းကာ ရောက်ချလာသည်။ သူက သူမရှေ့မှာ ဆရာကြီးအထာဖြင့် ခါးထောက်ကာထားရင်း ဆိုက်ကားဆရာကို

"ကျွန်တော်တို့နှစ်ယောက် ဒီနားလေးကဗျာ ဗီဒီယိုရိုက် နေကြ ရှုတင်အိမ်သိတယ်မဟုတ်လား၊ အဲဒီကိုသွားမလို့"

"သြော်. . . သိတယ် အဲဒီရှုတင်က ဒီနားမှာတစ်ခုပဲရှိတဲ့ ဥစ္စာ၊ ကဲ ကဲ ဘယ်လောက်ပေးမှာလဲ၊ ဆိုက်ကားကတော့ သိတယ် မဟုတ်လား၊ ဟိုနား ဒီနားကတော့ ဘီးလှိမ့်တာနဲ့ တစ်ယောက် သုံးရာပဲ"

"အစ်ကိုကြီးကလည်းဗျာ သိပ်ဝေးတာလည်းမဟုတ်ဘဲနဲ့ နှစ်ယောက်ကို ငါးရာထားလိုက်၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ကျွန်တော် တို့က အချဉ်မဟုတ်ဘူးနော် သွားနေကျဗျ"

"ပြီးရော ပြီးရော၊ ကဲ တက် တက်"

သူနှင့်စျေး အခြေအတင်ပြောပြီးချိန်မှာ ဆိုက်ကားဆရာ က 'တက်. . . တက်'ဟုဆိုသည်။ သူက တက်လေဟုပြော သဘောဖြင့် သူမကို မေးငေါ့ပြဖြစ်သည်။ သူမက 'သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



တက်မှာပါ ဆရာကြီးလား'ဟူသော သဘောဖြင့် သူ့ကို ဘုဆတ်ဆတ်, လှမ်းကြည့်ရင်း ဆိုက်ကားပေါ် တက်သည်။ သူတို့နှစ်ယောက် ဆိုက်ကားပေါ်ရောက်သည်နှင့် ဆိုက်ကားဆရာက ဆိုက်ကားကိုမနင်းဘဲ တွန်းရုံတွန်းသည်။

'ဘာကိစ္စမနင်းဘဲ တွန်းနေပါလိမ့်'ဟု သူတွေးမိသော်လည်း သူမရှေ့မှာမို့ ဆိုက်ကားဆရာကို မမေးဖြစ်ဘဲ ခပ်တည်တည်ပင် မိန့်မိန့်ကြီးနေဖြစ်သည်။

"ကဲ ရောက်ပြီ"

နင်းပင်မနင်းဘဲ ခြေလှမ်းငါးလှမ်းခန့် တွန်းရုံဖြင့်ရောက်ပြီဟု ဆိုသောအခါ သူရောသူမပါ တစ်ယောက်ကိုတစ်ယောက် ကြည့်ဖြစ်ကြသည်။ ဆိုက်ကားဆရာက 'ရောက်ပြီလေ ဆင်းတော့' ဟု ခပ်တည်တည်ဖြင့်ဆိုသည်။

"အစ်ကိုကြီးကလည်းဗျာ ခြေလှမ်းသုံးလေးလှမ်းပဲ ရှိတဲ့နေရာကို ငါ့ညီရေ ဒီအိမ်ပဲလို့ ပြောလည်းရနေရဲ့သားနဲ့"

"ဟ. . . မင်းပဲသွားနေကြဆို၊ အချဉ်မဟုတ်ဘူးဆို၊ ငါးရာထားဆိုလို့ ထားပေးရတာလေ"

ဆိုက်ကားသမား၏ အဆိုကြောင့် ကိုယ့်စကားနှင့်ကိုယ် သူကောင်းကောင်းကြီးခံလိုက်ရသည်။ သူမကတော့ သူ့ကို ဖြူးဖြူးဖြီးဖြင့် မခံချင်စရာကောင်းအောင် ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုက်ကားထုံးစံကတော့ ဘီးစလှိမ့်တာနဲ့ တစ်ယောက်သုံးရာပဲ"

"ဟုတ်ပါပြီဗျာ. . . ကဲ. . ရော့ ရော့"

သူ အောင့်သီးအောင့်သက်ဖြင့် ငါးရာတန်တစ်ရွက်ကို ဆိုက်ကားသမားအား ထုတ်ပေးဖြစ်သည်။

"ကျေးဇူးပဲနော် ညီလေး"

ဆိုက်ကားသမားက ငါးခူပြုံးပြုံးရင်း ခပ်ရိရိဆိုကာ ဆိုက်ကားကိုနင်းကာ ထွက်သွားသည်။

"ကျွန်တော်ကလည်း ကျေးဇူးကို အကြီးကြီးတင်တယ်ဗျာ၊ ကဲ"

သူရှက်ရှက်ဖြင့် ခပ်ရွတ်ရွတ်လိုက်အော်ဖြစ်သည်။ မလုံမလဲဖြင့် သူမကိုကြည့်လိုက်သောအခါ သူမက ရယ်ချင်ပက်ကျိဖြင့် ပြန်၍ ပြုံးစိစိကြီးကြည့်သည်၊

"ဘာပြုံးတာလဲ"

သူ ရှက်ကိုးရှက်ကန်းဖြင့် အောင့်သက်သက်ဆိုဖြစ်သည်။

"ရန်ကုန်သားကြီးရဲ့ နယ်မြေကျွမ်းကျင်မှုကို သဘောကျလို့ပါ"

သူမ၏စကားကြောင့် သူဘာပြောလို့ ပြောရမှန်းမသိဖြစ်သွားရသည်။ မျက်နှာပူပူနှင့်ပင် ဟက်ခနဲ ရှက်ရယ်ရယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်းကျတော့ ကျွန်တော် ဒီနေရာကို တကယ် မသိဘူး၊ ဆိုက်ကားသမားကို ဈေးပိုတောင်းမှာစိုးလို့ ဖိန့်ပြီးတော့ ဟောက်စားလုပ်လိုက်တာ"

သူ ရှက်ရှက်နှင့်ပင် အမှန်အတိုင်းဝန်ခံဖြစ်သည်။

"ဆိုက်ကားသမားက ဈေးပိုမယူပါဘူး၊ တစ်ရာတောင် လျှော့ပေးသွားသေးတယ်၊ အရမ်းသဘောကောင်းတယ်နော်"

သူမကပြောရင်း ခွီးခနဲရယ်သည်။ သူပါ ရှက်ဝဲဝဲဖြင့် လိုက်ရယ်ဖြစ်သည်။ တကယ်တော့ ဤရွာတင်ရှိရာအိမ်ကို သူမသိ သလို သူမလည်း သိပုံမပေါ်။ သူမသာသိပါကလည်း မငှားရန် ဆိုကောင်းဆိုလိမ့်မည် ဖြစ်သည်။

"တကယ်တော့ ဒီနေရာကို ကျွန်မလည်း မသိပါဘူး၊ ရှင် ကျွန်မကို အထင်သေး အမြင်သေး လုပ်နေမှာစိုးလို့ ဖိန့်လိုက်တာ"

ပြောရင်း သူမက ရှက်အမ်းအမ်းဖြင့် ခေါင်းကိုကုတ် သည်။

"ဒီလိုလုပ်ဗျာ ယွန်းနဲ့ကျွန်တော်နဲ့ ချစ်ကြည်ရေးယူရ အောင်၊ ကျွန်တော်လည်းနောက်ဆိုရင် ယွန်းနဲ့ပတ်သက်ပြီး ပွင့်ပွင့် လင်းလင်းနဲ့ မဟိန်းမဟောက်ဘဲ အရာရာခွင့်လွှတ်ပေးကြေး၊ စိတ်မဆိုးကြေး"

"အံမယ်. . . မဟိန်းမဟောက်ကြေးနဲ့တောင် ဖွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူပြောပုံက ယွန်းကပဲ ခဏခဏပေါက်နေတဲ့ အတိုင်းပဲ၊ အင်းပါ ရိုးရိုးသားသားနဲ့ အမှန်တရားနဲ့ အမှန်စကားဆိုရင် စိတ်မဆိုးပါဘူး"

သူ့ကို သူမက 'အင်းပါ'ဟုဆိုသည်။

"ဒါဆိုရင် ယွန်းနဲ့ပတ်သက်တဲ့ အမှန်တရားတစ်ခုပြောမယ်နော်၊ လုံးဝစိတ်မဆိုးရဘူး၊ စိတ်မဆိုးဘူးလို့ ကတိပေးနိုင်လား"

"သိပ်ပေးတာပေါ့"

သူမက မျက်လွှာချရင်း ဆိုသည်။

"ယွန်းက အရမ်းလှတယ်"

သူ့စကားအဆုံးမှာ သူမ မျက်နှာနီမြန်းကာသွားသည်။ ရှက်နေသော်လည်း သူမက မျက်နှာကိုတည်ရင်း. . .

"ဘာမုန့်စားမလဲပြော"

ဟု ဆိုသည်။

"ကျန်သေးတယ်"

သူ၏နောက်ဆက်တွဲအဆိုကြောင့် သူမက 'အင်းပြော' ဟုဆိုရင်း ဆံပင်ကို မဝံ့မရဲသပ်တင်သည်။

"အရမ်းလည်းလှတယ်၊ ပြီးတော့ အရမ်းလည်း ချစ်စိတ် ကောင်းတယ်၊ ပြီးတော့"

"ရှုတင်စနေပြီထင်တယ် ဝင်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားမဆုံးခင်မှာပင် သူမက 'ရှုတင်စနေပြီ'ဟုဆိုကာ စကားကိုဖြတ်ရင်း ရှေ့မှသွားနှင့်သည်။ ပြောဖို့ရည်ရွယ်ချက်မရှိပါဘဲ ရုတ်တရက်ကြီး ပြောလိုက်မိသည်မို့ ကိုယ့်ကိုယ်ကို အံ့ဩမိရင်း သူမနောက်ကို သူခပ်သွက်သွက်လိုက်ဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



Better by for you should forget and smile. Than that you should remember and be sad.

မေ့ပျောက်ကာထား၍ ပြုံးနေလိုက်ခြင်းသည် သတိတရနှင့် ပူဆွေးဝမ်းနည်းနေရခြင်းထက် ပိုကောင်း၏။

Christina (Georgina) Rosetti

×××××



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဝင်ပြီး တစ်ပတ်ခန့်ကြာသောအခါ သူမနှင့်သူ၏ ဆက်ဆံရေးက ရှိုးတိုးရှန်းတဲ့ ဖြစ်နေသည်မှအပ တဂျိဂျိနှင့် ရန်မဖြစ်ကြ။ မငြင်းမခုန်ကြတော့။

"ယွန်းနဲ့ ကိုကောင်းသက်ဇော်တို့ ငြိမ်းချမ်းရေးယူထားကြတော့ မဥ္ဇူတို့အခန်းမှာ တရားတောင်ထိုင်လို့ရတယ်၊ တိတ်ဆိတ်နေတာပဲ"

မဥ္ဇူက ပြုံးစိစိဖြင့်ဆိုရင်း သူတို့နှစ်ယောက်ကို ကြည့်သည်။

"အရင်တုန်းကဆိုရင် မဆုံလိုက်နဲ့ ဆုံလိုက်တာနဲ့ ထပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ရန်ဖြစ်ကြတော့တာပဲ၊ အခုတော့လည်း ယွန်းရေ ကိုကောင်း သတ်ဇော်ရေနဲ့ ရှင်တွေ ကျွန်မတွေ၊ ကျွန်တော်တွေ ခင်ဗျားတွေ က ကြားချင်ရင်တောင် မကြားရတော့ဘူး၊ အပြောင်းအလဲတွေ ပေါ့ မဥျုရယ်"

ရန်နောင်က ရွှတ်နောက်နောက်ဖြင့်ဆိုသည်။ ဘာရယ် မဟုတ် သူနှင့်ယွန်း တစ်ယောက်ကိုတစ်ယောက် ရှက်အမ်းအမ်း ဖြင့် ကြည့်ဖြစ်ကြသည်။

"ယွန်းတို့နှစ်ယောက်က ရန်သူမှမဟုတ်တာကွ၊ ပြီးခဲ့တာ တွေကို ပြန်အမှတ်ရပြီးတော့ ပြဿနာတက်နေတာထက်စာရင် အခုလို ရင်းရင်းနှီးနှီးနေရတာက ပိုမကောင်းဘူးလား မဥျုရဲ့"

သူမက ရှက်ဝဲဝဲဖြင့် မဥျုကိုဆိုသည်။ မဥျုက ကောင်းတာ ပေါ့ဟု ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"Christina(Georgina) Rosetti ရဲ့ စကားလိုပေါ့၊ မေ့ပျောက်ထားလိုက်တာက သတိတရရှိနဲ့ ပူဆွေးနေတာထက် ပိုကောင်းတာပေါ့ကွ၊ မဟုတ်ရင် တကျက်ကျက်နဲ့ ခဏခဏ ပြဿနာတက်နေမှာပေါ့"

သူ၏စကားအဆုံးမှာ မဥျုက 'ဒါပေါ့. . . ဒါ. . . ပေါ့'ဟု ရွှတ်နောက်နောက်ဆိုသည်။ မဥျု၏ အစိပ္ပာယ်ပါပါဖြင့်ဆိုသော 'ဒါပေါ့'အဆုံးမှာ သူမက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ် သူ့ မျက်လုံးတစ်ဖက်ကို မှိတ်ပြဖြစ်သည်။ သူမကတော့ ဒိုင်းခနဲနေအောင် မျက်စောင်းပြန်ထိုးသည်။ မဥ္စူနှင့် ရန်နောင်ကတော့ ပြုံးစိစိ။

×××××

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ ထိပ်သီးမိတ်ကပ်ပညာရှင် လေးယောက်ကို ဗျူးရန် သူတို့လေးယောက် တာဝန်ယူကြရသည်။ လေးယောက်သား နေရာလေးနေရာကို ထွက်ခဲ့ကြရာ သူကတော့ မိတ်ကပ်ပညာရှင် မာမိနီဆီသို့ ရောက်လာခဲ့သည်။

"ဆံပင်ညှပ်မှာလား၊ ခေါင်းလျှော်မှာလား၊ ဆေးဆိုးမှာလား"

ဆိုင်ထဲဝင်ဝင်ချင်းမှာ အမေးခံရသည်မို့ 'မဟုတ်ဘူး ခင်ဗျ'ဟု ဖြေဖြစ်သည်။

"ဟယ်. . . ဒါဆို ပေါင်းတင်မလို့လား၊ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတင်လိုက်ပါလားဟင်၊ တစ်ကိုယ်လုံးပေါင်းတင်ပေးချင်လိုက်တာ၊ ဒစ်စကောင့်ချပေးမယ်လေလို့၊ တစ်ဝက်ဈေးနဲ့ ထားပေးမယ် သိလား"

မာမီနီ၏ တပည့်ကျော်က သူ့ကို အထက်အောက်ကြည့်ရင်း အားတက်သရောဆိုသည်။ သူခေါင်းကို ခါပြဖြစ်သည်။

"ကျွန်တော်က မာမီနီကို အင်တာဗျူးဖို့လာတဲ့ ဂျာနယ်က သတင်းထောက်ပါ၊ မာမီနီဆီကိုလည်း ဖုန်းကြိုဆက်ထားတယ် ခင်ဗျ"

"သြော်. . . ဒါများ စောစောကပြောရောပေါ့၊ ဟင်း ဟင်း ဒီက ကပ်စတမ်မာအောက်မေ့လို့"

မာမီနီ၏တပည့်ကျော်က တဟင်းဟင်းရယ်ရင်း ဆိုသည်။ သူ့ကိုပြောခွင့်မပေးဘဲ ၎င်းကသာ ဦးဆောင်၍ ရေပက်မဝင်ပြော နေခဲ့ပြီးမှ အခုတော့လည်း သူမဟုတ်သလိုဆိုသည်။ ပြီး. . .

"ဟဲ့. . . ဟဲ့ စန္ဒီ ဒီမှာ မာမီနီရဲ့ ညှော့သည်လာတယ်၊ မာမီ့ကို အင်တာဗျူးဖို့လာတာ၊ မာမီနီရဲ့ ရုံးခန်းထဲကို လိုက်ပို့လိုက်၊ သိဂီက ကော်ဖီနဲ့မုန့် ယူသွားပေးလိုက် ကြားလား၊ အစ်ကို သူ့နောက်လိုက်သွားနော်"

ဟု ဆိုသည်။

စန္ဒီဆိုသော ကောင်မလေးက 'လာ အစ်ကို'ဟုဆိုရင်း

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှဦးဆောင်ခေါ်ရာဆီ သူလိုက်ခဲ့ဖြစ်သည်။ ခမ်းနားသော ရှုံးခန်းအပြင်အဆင်က တကယ့်ချမ်းသာကြွယ်ဝမှု၏ ပြယုဂ်ဖြစ်ကာနေသည်။

"မာမိ. . . ဒီမှာ မာမိ့ကို အင်တာဗျူးဖို့ ဂျာနယ်က ညွှန့်သည်လာတယ်၊ သမီးသွားပြီနော်"

ခန့်ညားသော စားပွဲ၏နောက်တွင် အခန်းအဝင်ဝကို ကျောပေးလျက် ထိုင်နေသော မာမိက 'ဩော်. . . အေး'ဟုဆိုရင်း ဆုံလည်ကုလားထိုင်ကို လှည့်ရင်း သူ့ကိုကြည့်ကာ ပြုံးပြသည်။

"ဟယ်. . . ဂျာနယ်တိုက်ကလည်း သတင်းထောက် လွှတ်လိုက်မယ်လို့ ပြောပြီးတော့ မင်းသားတစ်ယောက် လွှတ်လိုက်တာပဲ၊ ချောလိုက်တာ"

မာမိနီက ပြောပြောဆိုဆို သူ့လက်မောင်းကို ရင်းရင်းနှီးနှီးပင် လာကိုင်ကာ 'လာ. . . ဒီမှာထိုင်'ဟုဆိုရင်း ဆိုဖာတစ်ခုမှာ ထိုင်စေကာ ၎င်းကလည်း သူ့ဘေးမှာ ပူးပူးကပ်ကပ်ထိုင်သည်။

"နာမည်ဘယ်လိုခေါ်လဲဟင်၊ ရုပ်ကလေးက မှန်နေတာပဲ၊ သတင်းထောက်လုပ်မဲ့အစား မင်းသားပဲလုပ်လိုက်ပါတော့လား။ သူများမှာ မင်းသားမင်းသမီး ဒါရိုက်တာတွေ အဆက်အသွယ်အများကြီးရှိတယ်၊ ဆက်သွယ်ပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



မာမီနီက သူ့ဘေးမှနေ တတွတ်တွတ်ဆိုသည်။

"ကျေးဇူးပါပဲဗျာ၊ ဒါပေမယ့် ကျွန်တော်က မင်းသားလုပ်ဖို့ ကံမပါဘူးထင်တယ်၊ ဝါသနာကိုမပါတာ"

သူ မာမီနီနှင့် ကိုယ်ချင်းခွာလိုက်ရင်း ဆိုဖြစ်သည်။

"ဘာလဲ ကားတွေ အဝတ်အစားပိုင်းတွေ အဆင်မပြေလို့လား၊ သူများစပွန်ဆာပေးမှာပေါ့လို့၊ သဘောပေါက်တယ် မဟုတ်လား၊ သူများက မင်းသားဖြစ်နိုင်တဲ့ ကောင်လေးချောချော လေးတွေကိုဆို ဖြစ်စေချင်တယ် သိလား၊ စေတနာတွေပေါ့နော်၊ အဟင်း ဟင်း"

ထိုစဉ်မှာပင် ကောင်မလေးတစ်ယောက် ကော်ဖီခွက်နှင့် မုန့်ပန်းကန်ကိုကိုင်ကာ ဝင်လာသည်။ မာမီနီက ကောင်မလေး၏ လက်ထဲမှကော်ဖီခွက်ကို လှမ်းယူပြီး သူ့ရှေ့မှာချပေးသည်။

"သမီးကိုဘာခိုင်းဦးမလဲ"

"ဘာမှမခိုင်းတော့ဘူး သမီး"

"ဒါဆို သမီးသွားပြီနော်"

"အေး. . . သမီး သွားသွား"

ကောင်မလေးက သူ့ဆီတစ်ချက်လှမ်းကြည့်ရင်း ထွက်ထွာသွားသည်။ သူမကြည့်သောအကြည့်က အဓိပ္ပာယ်ဖော်ရန် ခက်သောအကြည့်။ အထင်သေးသည်လား၊ အထင်ကြီးသည်လား



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်သည်လား ခွဲခြားရခက်သော အကြည့်မျိုး။

"သောက်ပါဦး၊ မုန့်လည်းစား"

မာမီနီက ကော်ဖီနှင့် မုန့်ပန်းကန်ကို သူ့ရှေ့တွန်းပေးရင်း ဆိုသည်။

"ဟုတ်ကဲ့. . . ဒါနဲ့ အင်တာဗျူးလေး တစ်ခါတည်း စလိုက်ရအောင်ဗျာ"

သူ အသံဖမ်းစက်ကို ပြရင်းဆိုဖြစ်သည်။

"အင်းပါ. . . ဖြည်းဖြည်းပေါ့လို့၊ အရမ်းဆန္ဒစောတာပဲ၊ ဇွတ်ကြီးမလုပ်နဲ့လေ၊ အေးဆေးပေါ့လို့"

"ဟုတ်ကဲ့. . . ကျွန်တော်က ရွှေတင်တစ်ခုကိုလည်း သွားစရာရှိသေးလို့ပါ၊ စလိုက်ရအောင်ဗျာ၊ မာမီလည်း အလုပ်တွေ ရှိသေးတယ် မဟုတ်လား"

မာမီကျေနပ်စေရန် ကော်ဖီကို တစ်ကျိုက်သောက်လိုက်ရင်း သူခပ်သွက်သွက်ဆိုဖြစ်သည်။ မာမီက သူ့ကို ခပ်ညှုညှုဖြင့် မျက်စောင်းထိုးသည်။

"သူ့အရမ်းစချင်နေမှတော့ သူ့သဘောပဲ"

ခပ်ချွဲချွဲအဆိုကြောင့် ကော်ဖီတွေ ပြန်အန်မထွက်လာ အောင် သူ အတော်ကြီး အောင့်အီးကာထားရသည်။ စူးရှသော ရေမွှေးနံ့တို့က မာမီဆီမှ တစ်ချိန်လုံး သူ့နှာခေါင်းဝကိုထိုးဝှေ့တာ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ခေတ်ပုံပါ တစ်ခါတည်းရိုက်သွားရမလား၊ မာမီ့ဆီမှာ ရိုက်ပြီးသားရှိရင်လည်း ပေးလေ၊ မရှိရင်တော့ ရိုက်ယူသွားလိုက်မယ်"

"အို. . . သူ့သဘောပါဆို၊ အားလုံး သူ့သဘောအတိုင်း ပဲလုပ်"

မာမီက မျက်လုံးစုံမှိတ်ရင်း ဆိုသည်။

"ဒါဆို. . . မာမီ မိတ်ကပ်လောကထဲ စဝင်လာပုံလေး တစ်ချက်လောက်ပြောပြပါလား၊ အသေးစိတ်ကလေးပေါ့ဗျာ"

သူ့စကားအဆုံးမှာ မာမီက သူ့လက်ကို ဆတ်ခနဲ လာကိုင်သည်။

"ဟောဒီလက်ကလေးတွေနဲ့ အလှဆင်ယင်ပေးဖို့ ဒီမိတ်ကပ်လောကထဲကို သူများစဝင်ဖြစ်တာက သူများဆရာရဲ့ ကျေးဇူးတွေကြောင့်ပါ၊ ဆရာကို ဖေးမမှုတွေနဲ့ပဲ ဒီလောကထဲကို ရောက်လာပြီး ဒီအလုပ်နဲ့ ရပ်တည်နိုင်ခဲ့တာပါ၊ ဆရာ့နာမည်က မာမီမိုးပါ"

ဆရာ့ဂုဏ်ကျေးဇူးကို သတိတရရှိသော မာမီ့ကို သူ နည်းနည်းတော့ လေးစားသွားရသည်။ သူ မေးခွန်းကို ဆက်မေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ကပ်ပညာကို ပြည်ပနိုင်ငံတွေမှာရော သွားလေ့လာခဲ့သေးလားခင်ဗျ၊ ဒီပြည်တွင်းမှာ အပြင်ပေါ့"

"လေ့လာရတာပေါ့လို့၊ ထိုင်း၊ စင်ကာပူ၊ အီတလီ၊ ပြင်သစ်အို နိုင်ငံတော်တော်များများမှာ သွားလေ့လာသင်ယူဖြစ်ခဲ့တာပေါ့၊ Shopping ထွက်ရင်း မိတ်ကပ်ပညာလည်း ဆည်းပူးရင်း တစ်နှစ်တစ်ခါဆိုသလို သူများသွားဖြစ်တာပေါ့နော်"

"ဩော်. . . ဟုတ်ကဲ့ ဒီနှစ်ကော ဘယ်ကိုသွားဖြစ်မလဲ ခင်ဗျ"

"သူများလေ ဒီနှစ်တော့ နီးနီးနားနား စလုံးကိုပဲ သွားဖြစ်မယ်ထင်တယ်၊ ဆေးလည်းကုရင်းပေါ့"

မာမီနီက မျက်နှာငယ်လေးဖြင့်ဆိုသည်။ နိုင်ငံခြားသွားဖို့မပြောနှင့် ပတ်(စ်)ပို့လေးပင်မရှိသော ကိုယ့်ကိုယ်ကို အတော်လေး သိမ်ငယ်သွားမိရင်း သူ မာမီ့ကို မေးခွန်းဆက်မေးဖြစ်သည်။

"နေမကောင်းဖြစ်နေလို့လား ခင်ဗျ"

"အင်း. . . ပြောရမှာလည်း ရှက်ပါတယ်၊ ဒီကိစ္စကတော့ ဂျာနယ်ထဲမှာ ထည့်မရေးနဲ့နော်၊ ခင်လို့ပြောပြတာ၊ သူများလေ ရှေ့လက အဘောရှင်းဖြစ်ပြီး ကလေးပျက်ကျလို့"

"ဗျာ. . . မာမီက ကလေးပျက်ကျလို့"

သူ ရယ်ချင်သော်လည်း အောင့်အီးကာသွားရင်း



www.burmeseclassic.com

www.burmeseclassic.com



ဟန်မပျက်ပင် မေးဖြစ်သည်။ မာမီကလည်း ခပ်တည်တည်ပင်

“ဟုတ်တယ်၊ သူများလေ အဲဒီအချိန်ကစပြီး အားနည်းနေတာ၊ အခုထိပဲဆိုပါတော့၊ အထီးကျန်ပြီး အဖော်မဲ့နေတော့ စိတ်ပါကျချင်နေတာ”

“ဩော်. . . ဟုတ်ကဲ့”

သူ ခွီးခနဲရယ်လိုက်ချင်စိတ်ကို ထိန်းထားရင်း ဟုတ်ကဲ့ ဖြစ်သည်။

“တကယ်လို့ သူများ စလုံးသွားဖြစ်ရင် သူလိုက်ခဲ့ပါလား၊ စရိတ်အားလုံး စပွန်စာပေးမယ်လေ၊ လိုက်မလား”

မာမီက သူ့လက်ကို ပိုမိုတင်းကျပ်စွာကိုင်ရင်း ဆိုသည်။

“အဲ. . . ဟိုဒင်း မလိုက်တော့ပါဘူး၊ ကျေးဇူးပါပဲ”

“နေပေါ့. . . သူများနဲ့လိုက်ချင်တဲ့လူတွေမှ တစ်ပုံကြီးပဲ၊ သူ့ကို တို့က မြင်မြင်ချင်း ခင်လို့ခေါ်တာ၊ ဒီအခွင့်အရေးမျိုးကို လိုချင်နေတဲ့လူတွေက အများကြီး”

မာမီက မျက်နှာကိုမဲ့ရင်း ဆိုသည်။ သူမေးသမျှ မေးခွန်းတွေကို မာမီက စိတ်ရှည်လက်ရှည် ဖြေပေးရှာသည်။

ခက်နေသည်က သူ့လက်ကို မလွှတ်သေးတာဖြစ်သည်။

“လက်. . .လက်ကလေး တစ်ချက်လောက် လွှတ်ပေးပါလား”

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် မာမီက နှုတ်ခမ်းကိုစူသည်။

"သူများက ဒီလိုပဲ ရင်းရင်းနှီးနှီးရှိအောင်လို့ဟာပဲ ဟာပဲကို၊ မခင်တဲ့လူဆိုရင် သူများက လက်ဖျားနဲ့တောင် ထိတာမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ခါတ်ပုံရိုက်မှာမို့လို့ပါ"

"စောစောကပြောပါလားလို့"

မာမီက ပြောပြောဆိုဆိုဖြင့် သူ့လက်ကို မလွှတ်ချင်လွှတ်ချင်ဖြင့် လွှတ်သည်။ သူ ကမန်းကတန်းပင် ခါတ်ပုံသုံးပုံခန့် ခပ်သွက်သွက်ရိုက်ရင်း လက်စသတ်ရသည်။

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"ဘာကျေးဇူးလဲ. . . စိမ်းကားတဲ့ သူစိမ်းဆန်တဲ့စကားတွေ မပြောကြေးလေ၊ လာ သူများ ဆိုင်အပြင်ထိ လိုက်ပို့ပေးမယ်"

ပြောပြောဆိုဆို မာမီနီက သူ့လက်မောင်းကို လှမ်းချိတ်သည်။ သူ ကျိတ်ကာ ခါချဖြစ်သော်လည်းမရ။ ရုံးခန်းထဲကနေ လက်ချိတ်ကာ ထွက်လာသော သူနှင့်မာမီနီကို ဝင်း၏တပည့်ကျော်များကရော ကပ်စတမ်မာများပါ ကြည့်နေကြသည်။

မာမီနီက အားလုံးကို ညှော်ခံပွဲတက်ရောက်သူများအား ပြုံးပြသော သတို့သမီးအပြုံးမျိုးဖြင့် မိန့်မိန့်ကြီးပြုံးပြသည်။ သူ မျက်နှာပူပူနှင့်ပင် မချိပြုံးပြုံးရင်း လက်ကို ကျိုသဆွဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မာမီနီက သူ့ထက်ပို၍လည်သည်။ ပိုလို့ပင် ခပ်တင်းတင်း ကိုင်ကာထားသည်။

ဆိုင်အပြင်ဘက်အရောက်မှာတော့ မာမီနီ၏လက်ထဲမှ သူ့လက်ကို ဖွတ်ဆွဲထုတ်လိုက်နိုင်သည်။

"စလုံးကိစ္စ ခေါင်းထဲထည့်ထားနော်၊ ကုန်ကျစရိတ်တွေ အားလုံးအပြင် ဟိုမှာဝယ်ချင်တာအားလုံး ဝယ်ပေးဦး. . . မှာ သိလား"

"ဟုတ်ကဲ့၊ မလိုက်ဖြစ်တာကတော့ လုံးဝကျိန်းသေပါ တယ်၊ ကဲ ကျွန်တော့်ကိုခွင့်ပြုပါဦးခင်ဗျ၊ သွားလိုက်ပါဦးမယ်"

သူ ခပ်သွက်သွက်ပင် နှုတ်ဆက်ဖြစ်သည်။

"စိတ်ပြောင်းပြီး လိုက်ဖြစ်ခဲ့ရင် ဖုန်းဆက်နော်"

သံယောဇဉ်မပြတ်စွာ လိုက်အော်နေသော မာမီနီ၏ အသံကို မကြားချင်ယောင်ဆောင်ကာ ခပ်သုတ်သုတ်ထွက်လာ ဖြစ်သည်။ ကျော့မလုံသလို ခံစားရသည်မို့ နောက်လှည့်ကြည့် တော့ မာမီနီက သူ့ကို လိုက်ကြည့်နေဆဲ။ ပြန်လှည့်ကြည့်သည် ဟု ထင်သလားမသိ လက်ပင်လှမ်းပြလိုက်သေးသည်။

အတော်ကြီးကို ခပ်လှမ်းလှမ်းသို့ရောက်မှ သူ သက်ပြင်း ကို ဟင်းခနဲနေအောင် ချဖြစ်သည်။ ပြီး နဖူးမှချွေးတို့ကို သုတ်ရှင်း လေပူကို မှုတ်ထုတ်ဖြစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



Genius is 1% inspiration and 99% perspiration.

ပါရမီရှင်ဆိုသည်မှာ ဉာဏ်ထုတ်ရသည်က တစ်ရာခိုင်နှုန်းနှင့် ချွေးထုတ်ရသည်က ကိုးဆယ့်ကိုးရာခိုင်နှုန်းရှိ၏။

Thomas Alva Edison

xxxxx

www.burmeseclassic.com

www.burmeseclassic.com



မမချို၏ အစီအစဉ်နှင့် ယွန်းနှင့်သူ တက်သစ်စမင်းသား တစ်ယောက်ကို အင်တာဗျူးရန် ထွက်ခဲ့ကြသည်။

ရှုတင်ရောက်ခါနီးမှ သူမက ခေါင်းကိုကိုင်ရင်း မျက်နှာကို အနည်းငယ်မဲ့သည်။ သူမ၏မျက်နှာကို အရိပ်တကြည့်ကြည့်လုပ်နေသော သူ့အတွက် မေးစရာ၊ စိုးရိမ်စရာ ဖြစ်နေသည်မို့ သူ သူမကို ခပ်တိုးတိုးမေးဖြစ်သည်။

"ယွန်း. . . ခေါင်းကိုက်လို့လား"

သူ့အမေးကြောင့် သူမက သူ့ကို အံ့အားတသင့်ကြည့်သည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကိုက်တာမဟုတ်ဘူး ခေါင်းမူးနေတာ"ဟု ဆိုသည်။

"အိပ်ရေးမဝလို့လား၊ သွေးပေါင်တွေဘာတွေ ကျနေတာလား"

စိုးရိမ်တကြီးမေးသော သူ့ကိုကြည့်ကာ သူမက ခေါင်းယမ်းသည်။ ပြီး ဆံပင်ကိုသပ်တင်ကာ နားထင်ကို လက်ညှိုးဖြင့် ခပ်ဖွဖွပွတ်သည်။

"အိပ်ရေးလည်းဝပါတယ်၊ သွေးပေါင်လည်း ကျလေ့ကျထမရှိဘူး၊ ခေါင်းက နည်းနည်းလေး ရိပ်ရိပ် ရိပ်ရိပ်နဲ့ မူးချင်နေတယ်"

"ယွန်း ဆေးခန်းတစ်ချက် ပြကြည့်လိုက်ပါလား"

သူ အနီးတွင်ရှိသော ဆေးခန်းကို ညွှန်ပြရင်း ဆိုဖြစ်သည်။ သူမက စောစောကလိုပင် ခေါင်းကိုရမ်းပြပြန်သည်။

"အဲ. . . ဆေးခန်းပြရလောက်အောင်လည်း မဟုတ်ဘူး၊ ရှူဆေးဗူးပဲဖြစ်ဖြစ် ရှူလိုက်ရင်တော့ သက်သာသွားမှာပါ"

"ဒါဆိုဒီလိုလုပ် ယွန်း ရှုတင်ကိုသွားနှင့်လိုက်၊ ဟိုမှာက အရိပ်တစ်ခုခုအောက်မှာ နားလို့ရတယ်၊ အခု လမ်းပေါ်မှာက နေပူတယ်၊ ကျွန်တော် ဆေးခန်းမှာ ရှူဆေးရှိရင်ရှိ မရှိရင်လည်း တခြားဆေးဆိုင်တစ်ဆိုင်ဆိုင်ကနေ ဝယ်ပြီးလိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူမက 'အင်း'ဟုဆိုရင်း သူ့ကို တစ်ချက်လှမ်းကြည့်သည်။ သူမ၏အကြည့်က အားကိုးသည့် အကြည့်လား။ ကျေးဇူးတင်သည့်အကြည့်လား သူမခွဲခြားတတ်။ နူးညံ့နေသည်ကတော့ အမှန်ပဲဖြစ်သည်။

xx-

www.burmeseclassic.com

www.burmeseclassic.com

## ၁၀၀

ရှုတင်ကို သူရောက်သွားချိန်မှာ သူမက တက်သစ်စ မင်းသားနှင့် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောဖြင့် အင်တာဗျူးနေပြီ ဖြစ်သည်။

မနာလိုသည်လား သဝန်တိုသည်လား မကွဲပြားသော စိတ်ခံစားမှုတစ်ခုက သူ့ရင်ကို လာ၍ဝင်ဆောင့်သည်။ သူ့မှာတော့ သူမခေါင်းမူးသည်ဆို၍ ပြာယာခတ်ကာ ဆေးခန်းတွင်မရှိသော ရှုဆေးဗူးက လမ်းထိပ်ထိ အဝေးကြီးလမ်းလျှောက်ထွက်ပြီးမှ ခက်ခက်ခဲခဲ ရှာဝယ်ခဲ့ရသည်။

'ခေါင်းမူးသည်'ဆိုသော သူမကတော့ မင်းသားနှင့် ပျော်

www.burmeseclassic.com

www.burmeseclassic.com



တပြုံးပြုံး ဖြစ်ကာနေသည်။ သူမမြင်ဖူးသေးသော သူမ၏အပြုံးကို မြင်ရသောအခါ သူမောခဲ့သမျှ အမောဆို့သွားရသလို ခံစားလိုက်ရသည်။ ဒီအပြုံးတွေက မင်းသားနှင့်တွေ့ကာမှ ဖူးပွင့်လာသည်တဲ့လား။ သူ စိတ်ထဲအောင့်သီးအောင့်သက်ဖြင့် သူမတို့ဆီ ရောက်ကာသွားသည်။

"ဩော်. . . ရောက်ပြီလား ကိုကောင်းသက်ဖော်၊ အစ်ကို ဓာတ်ပုံတစ်ပုံလောက် ရိုက်မယ်နော်"

သူ့ကို ရောက်ပြီလားဟု ဝတ်ကျေတန်းကျေဆိုရင်း မင်းသားကိုကျတော့ 'အစ်ကို ဓာတ်ပုံတစ်ပုံလောက် ရိုက်မယ်နော်' ဟုဆိုကာ လိုအပ်သည်ထက် ပိုချိုသောလေသံဖြင့်ဆိုကာ အကြာရိုက်နေသော သူမကို သူတင်းသွားရသည်။ ပြီး ဆရာမကျီးအထာဖြင့် သူ့ကို ဓာတ်ပုံရိုက်ခိုင်းနေသည်။ တကယ်တမ်းကျ ရှုံးကယူလာသော ကင်မရာက သူမဆီမှာဖြစ်သည်။ မင်းသားက 'ရိုက်ပါညီမလေးရာ၊ တစ်ပုံမဟုတ်ဘူး ကြိုက်သလောက်ရိုက်' ဟု ခပ်ညှုညှုဆိုသည်။

သူမက မင်းသားကို မပြုံးတပြုံးဖြင့် ပြန်ကြည့်ရင်း 'အစ်ကိုတာ အရမ်းသဘောကောင်းတာပဲ' ဟုဆိုရင်း ပဲအပြည့်ဖြင့် တဟားဟားလုပ်ကာ 'လုပ်ရယ်' ရယ်သည်။

"နှာဗူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူမကို တည့်တည့်ကြီးစိုက်ကြည့်ကာ လူရှင်တော် တော်တော်များများ လုပ်နေကျအကွက်များထဲမှ 'နှာဗူး'ဆိုသော အစိပ္ပာယ်နှစ်ခွစကားကြောင့် သူမမျက်နှာကြီးနီမြန်းကာ သွားရင်း 'ဘာ'ဟု ရေရွတ်သည်။ မင်းသားက အူကြောင်ကြောင်ဖြင့် သူ့ကို လှမ်းကြည့်သည်။

သူက လက်ထဲမှာ စောစောက ကျစ်နေအောင် ဆုပ်ထားသော 'ရှူဆေးဗူး'ကို သူမထံကမ်းပေးဖြစ်သည်။

"ယွန်းစောစောက ခေါင်းမူးတယ်ဆိုလို့ အစ်ကိုက ဒီနှာဗူးလေး သွားဝယ်နေတာလေ၊ အခု ခေါင်းမမူးတော့ဘူးလား ရော့"

"မမူးတော့ဘူး၊ မလိုတော့ဘူး"

သူ့အမေးကို သူမက ခပ်ဆောင့်ဆောင့်ဖြေရင်း သူလှမ်းပေးသော ရှူဆေးဗူးကို မယူ။ 'မလိုတော့ဘူး'ဟု ခပ်ဆောင့်ဆောင့် ပင် ဆိုသည်။ ပြီး. . .

"ဓာတ်ပုံရိုက်လေ၊ ဗျူးလို့ပြီးပြီ"

ဟု အထက်စီးလေသံဖြင့် ဆိုသည်။

"ကင်မရာက ယွန်းရဲ့အိတ်ထဲမှာလေ ယွန်းရဲ့ ကင်မရာ အရင်ပေးမှ ဓာတ်ပုံကရိုက်လို့ ရမှာပေါ့"

စိတ်တိုနေသော သူမကို အချိုသာဆုံးဖြစ်အောင် သူ

www.burmeseclassic.com

www.burmeseclassic.com



တမင်ဆိုဖြစ်သည်။ သူမက ရှက်အမ်းအမ်းဖြစ်သွားကာ မင်းသား ကို 'အဟီး'ဟု တစ်ချက်ရယ်ပြရင်း မျက်နှာကို ချက်ချင်းတည်ပစ် ကာ သူ့ကို ခပ်တင်းတင်းလှမ်းကြည့်သည်။

ထို့နောက် သူမ၏အိတ်ထဲမှ ကင်မရာကို ခပ်သွက်သွက် ထုတ်ကာ 'ရော့'ဟု ခပ်ဆောင့်ဆောင့်ပင် သူ့ဆီလှမ်းပေးသည်။ သူ အမြင်ကတ်ကတ်ဖြင့် သူမ၏လက်ကိုပါ တမင်ဆွဲယူပစ်လိုက် သည်။ သူမက လက်ကို အမြန်ဆွဲယူရင်း မဆီမဆိုင်ပင် 'မင်းသား မြင်သွားသေးလားမသိ'ဟူသော ပုံစံဖြင့် မင်းသားကို လှမ်းကာ ကြည့်သည်။

သူမ၏ပုံစံကြောင့် သူပို၍စိတ်တိုသွားရသည်။ ကင်မရာ ကို ကိုင်ရင်း မင်းသားကို ဝတ်ကျေတန်းကျေ လှမ်းပြုံးပြရင်း 'ရိုက်မယ်နော် အစ်ကို'ဟုဆိုဖြစ်သည်။ မင်းသားကို စိတ်ထဲမှာ ဓာတ်ပုံရိုက်ခြင်းမဟုတ်ဘဲ ဘေးမှထိုင်ခုံကိုဆွဲကာ ထိုင်ခုံဖြင့် တဝုန်းဝုန်းရိုက်ဖြစ်နေသည်။

မင်းသားက 'ရိုက်ပါ ရယ်ဒီပဲ'ဟုဆိုသည်။ 'ရိုက်မှာပါ'ဟု စိတ်ထဲကတွေးရင်း စိတ်ထဲမှပင် ထိုင်ခုံဖြင့် ရင်းမင်းသားကို အကြိမ်ပေါင်းများစွာ ရိုက်ဖြစ်သော်လည်း တကယ်တမ်းကျ ကင်မရာဖြင့် ဓာတ်ပုံသုံးပုံကိုသာ သူရိုက်ဖြစ်သည်။

ပြန်ခါနီးမှာ သူမနှင့်မင်းသားက သံယောဇဉ်မပြတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သေးဘဲ ဖုန်းနံ့ပါတ်တွေ အပေးအယူလုပ်ကာ စကားကောင်းနေကြသည်မို့ သူစိတ်မရှည်စွာပင် ရှေ့မှ ကြိုထွက်လာခဲ့ဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းသက်ဇော်ကလည်း ယွန်းကိုတောင်မစောင့်ဘူး၊ မြန်လိုက်တာ"

ရှုတင်ခြင်း၏ အပြင်ဝမှာစောင့်နေသော သူ့ကို သူမက အပြစ်တင်စကားဆိုသည်။

"ယွန်းတို့ အေးအေးဆေးဆေး စကားပြောလို့ရအောင်လို့ ရှောင်ပေးတာပါ"

သူ ရင်ထဲမှာ နင်တင်တင်ဖြင့် ဆိုဖြစ်သည်။ သူမကတော့ အဓိပ္ပာယ်ခွဲခြားရခက်သော အကြည့်တစ်မျိုးဖြင့်ကြည့်ကာ ပြုံးနေရာက်တော့ ဟက်ခနဲရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းသက်ဇော်က အရမ်းအလိုက်သိတာပဲ"

သူမ၏စကားက သူ့ရင်ကို ကျဉ်ခနဲ ဆို့နစ်သွားစေခဲ့သည်။ 'သူမကို သူချစ်နေပြီ'ဟု သူ့ကိုယ်သူသိလိုက်ရချိန်မှာ အမျိုးအမည် မသိသော ခံစားမှုပေါင်းစုံတို့က သူ့ရင်ကို မွှေနှောက်ကာနေသည်။ ထိုစဉ်မှာ သူမဖုန်းက Ring မြည်လာသည်။

"ဟော. . . မင်းသားဆီက Message ပါလား"

သူမက ပြုံးရွှင်စွာဆိုရင်း Message ကို ဖတ်ကာနေသည်။ 'ခြေသွက်လက်သွက်ရှိသော' မင်းသားကိုပဲ အပြစ်တင်ရမလား။ ခြေနှေးလက်နှေးဖြစ်နေသော သူ့ကိုယ်သူပဲ အပြစ်တင်ရမလား မသိတော့။

"မင်းသားမျှော်နေမှာ စိုးပါတယ်လေ၊ Message လေး တော့ ပြန်ပို့ဦးမှပါ၊ ဟုတ်တယ်မဟုတ်လား ကိုကောင်းသက်ဇော်"

ချိုအီစွာပြုံးရင်း သူမက သူ့ကိုဆိုသည်။

"ဘယ်သိမှာလဲဗျ"

သူ စိတ်တိုတိုဖြင့်ဆိုရင်း ရှေ့မှနေ ခပ်သုတ်သုတ်လျှောက် ဖြစ်သည်။ စိတ်ထဲမှာ ဒေါသထွက်မှုများရော၊ သဝန်တိုမှုများရော အရောရောအနှောနှောဖြစ်နေသည့် ခံစားချက်များဖြစ်ကာ ရင်ထဲ မှာ ဗလောင်တွေဆူကာနေသည်။

"ကိုကောင်းသက်ဇော် ဒီနေ့ ဘယ်လိုဖြစ်နေတာပဲ၊ ယွန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုစောင့်ဦးမှပေါ့၊ ဒီမှာ Message လေး မင်းသားဆီပြန်ပို့ပါရစေဦး"

သူမ၏စကားက သူ့ရင်ကို စူးဖြင့်လှမ်းထိုးသလိုမျိုး ရင်ထဲကို နာကျင်နေစေသည်မို့ သူ လမ်းပေါ်မှာရှိနေသော ရေသန့်ဗူးခွံကို ပိတ်ကန်ဖြစ်သည်။

"တောက်. . . ဘယ်လိုလူတွေက လမ်းပေါ်အမှိုက်ပစ်ကြလဲမသိဘူး၊ အရူးတွေ၊ အသိစိတ်ကိုမရှိဘူး"

သူ မဆီမဆိုင် ရေရွတ်ဖြစ်ရင်း လှမ်းကြည့်တော့ သူမက သူ့ကို ခပ်ပြုံးပြုံးကြည့်ကာနေသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"အကြည်တော်ဆိုတဲ့ စာရေးဆရာကို သွားဗျူးရဦးမယ်၊ သူက အခုတလော ကိုယ်ဝန်ဆောင်တို့ သတိပြုဆင်ခြင်ဖွယ်ဆိုတဲ့ စာအုပ်နဲ့ အရမ်းကိုဟော့နေတာ"

မဥ္ဇူက ဘေးလွယ်အိတ်ကို စားပွဲပေါ် တင်ရင်း ဆိုသည်။

"အဲဒီဆရာအကြည်တော်က လူပျိုကြီး မဟုတ်ဘူးလား၊ သူက ဘယ်လိုကာဘယ်လိုလုပ်ပြီး ကိုယ်ဝန်ဆောင်အကြောင်းရေးပါလိမ့်၊ ဘယ်တုန်းကများ လက်တွေ့ကွင်းဆင်းလေ့လာထားလဲ မသိဘူး"

သူခေါင်းကိုကုတ်ရင်း ဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တလောကလည်း အဲဒီလူပြိုကြီး(အဲလေ. . လူပျိုကြီး) က ကလေးထိန်းနည်း နိုသရည်းဆိုပြီး ရေးသေးတယ်၊ မိန်းမ မကောင်းကြောင်းရေးလိုက်ရင်လည်း လုံးဝနှိုက်နှိုက်ချွတ်ချွတ်ပဲ နော်၊ တော်တော်လေး နှိုက်ချွတ်ပြီးတော့ အတွင်းသိအစင်းသိ ဖြစ်အောင် ရေးထားတာပဲ"

ရန်နောင်၏စကားအဆုံးမှာ မဥ္ဇူကရယ်သည်။

"ဘာရယ်တာလဲ"

ယွန်းက မဥ္ဇူကို ထမေးသည်။

"ကိုရန်နောင်ပြောတာကို ရယ်ချင်လို့ပါ၊ မိန်းမ မကောင်းကြောင်းကို နှိုက်နှိုက်ချွတ်ချွတ်ရေးထားတယ်ဆိုတာလေ၊ တကယ်တော့ အဲဒါ အပေါ်ယံလေးပဲရှိသေးတယ်၊ ရာခိုင်နှုန်းနဲ့ပြောရရင် ၂၅ %ပဲ ရှိသေးတယ်၊ ၇၅ %လောက် သူမသိသေးဘူး၊ တော်ပါ သေးရဲ့"

ရင်ဘတ်ကိုဖိရင်း အရွှမ်းဖောက်သော မဥ္ဇူ၏စကား ကြောင့် သူတို့လေးယောက် ရယ်ဖြစ်ကြသည်။

"ငါကတော့ စာရေးဆရာ မိုးဆက်လင်းထက်ကို သွားဗျူး ရမှာ"

ရန်နောင်က ပခုံးတွန့်ရင်းဆိုသည်။

"သူက တလောကမှ မင်္ဂလာဆောင်လိုက်တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ယွန်းက ဆံပင်ကို သပ်တင်ရင်းမေးသည်။

"အေး . . . အဲဒီစာရေးဆရာက မိန်းမယူပြီးတော့ အတော်လေး လက်တက်လာတယ်၊ သူရေးထားတဲ့ ဟိုစာအုပ်ဆို ရိုက်မလောက် ရောင်းမလောက်ပဲဟ"

"ဘယ်စာအုပ်လဲ"

သူ ရန်နောင့်ကို မေးဖြစ်သည်။

"မိန်းမယူပြီး နှစ်လလောက်နေတော့ ထွက်လာတဲ့ စာအုပ်လေကွာ၊ မီးဖိုချောင်မှာ ချက်စရာဆိုပြီးတော့ ထွက်ခဲ့တဲ့ ချက်နည်းပြုတ်နည်း နိသျရည်း စာအုပ်လေကွာ၊ စာအုပ်မှာ ဝန်ခံ ချက်ပါတယ်၊ လက်တွေ့ကွင်းဆင်းခဲ့သော ကိုယ်တွေ့ရေးသားမှု စစ်စစ်ဆိုပဲ"

"ကြည့်ရတာ မိန်းမယူပြီးမှ မီးဖိုဆောင်တာဝန်ကို အပြည့် အဝ ယူထားတယ်နဲ့တူတယ်၊ တစ်ဖက်က ငရုပ်သီးထောင်းရင်း တစ်ဖက်က စာရေးတယ်နဲ့တူတယ်၊ ငရုပ်သီးထောင်းနည်းစာအုပ် ကလည်း တော်တော်ပေါက်တာပဲ"

မဥ္စူက ရန်နောင်စကားကို ထပ်မံ၍ ဖြည့်စွက်ရင်းဆို သည်။

"ငါကတော့ စာရေးဆရာ ပြည့်ပိုင်မှုအိမ်ကို သွားဖျင့်ရ မှာ"

"အဲဒီစာရေးဆရာက တော်တော်ဖြော့တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

ယွန်း၏စကားအဆုံးမှာ မဥ္ဇူက ထ၍မေးသည်။

"ဟုတ်တယ်၊ အဲဒီပြည့်ပိုင်မှူးအိမ်ကို အပြင်မှာတွေ့ဖူးတယ်၊ တော်တော်လေး ချောမောခန့်ညားပြီး ယောကျ်ားပီသတာပဲ၊ ဆရာ မိုးဆက်လင်းထက်လို မီးဖိုဆောင် နေ့စဉ်ဝင်ပြီး ပန်းကန်တွေဘာတွေဆေးရတဲ့ ပုံတော့မပေါ်ဘူး၊ ဆရာအကြည်တော်လိုလည်း သူများကလေးတွေ ကောက်ကောက်ချီတာ မတွေ့ဖူးဘူး၊ အတော်လေးလည်း ခန့်ညားတယ်ဟ"

စာရေးဆြာက အဲလေ ရန်နောင်က အထက်ပါအတိုင်း အရသာရှိရှိ ဝင်၍ဆို၏။

"ငါကတော့ နာမည်ကြီးကဗျာဆရာတစ်ယောက်ကို သွားဖျူးရမယ်၊ အဲဒီကဗျာဆရာက ဝတ္ထုမှာလည်းအောင်မြင်တယ်၊ သူ့ဝတ္ထုတွေက ရုပ်ရှင်တွေရိုက်ရတယ်၊ ရုပ်ရှင်မှာလည်းအောင်မြင်တယ်၊ ဒါပေမဲ့ သူက တော်တန်ရုံအင်တာဗျူးမခံဘူး၊ အဗျူးခံရင်လည်း စကားအများမခံဘူးတဲ့ဟ၊ ဒေါ်သလည်း အတော်ကြီးဆိုပဲ၊ ရုပ်ကတော့ အရိုင်းနဲ့တူတယ်၊ မျက်မှန်နဲ့ဘာနဲ့"

သူ သက်ပြင်းချရင်း ဆိုဖြစ်သည်။ ထိုစာရေးဆရာနှင့် တွေ့ရမည်မှာ သူ့အဖို့ ရင်တွေပန်းတွေ တုန်နေစေသည်။ အတတ်နိုင်ဆုံးတော့ အမှားအယွင်းမရှိအောင် ဂရုစိုက်ရလိမ့်မည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



The worst tragedy for a poet is to be admired though being misunderstood.

ကဗျာဆရာတစ်ဦးအတွက် ကြေကွဲစရာအကောင်းဆုံးမှာ ၎င်း၏ကဗျာကို အဓိပ္ပာယ်တလွဲကောက်၍ ချီးမွမ်းခံရခြင်းဖြစ်၏။

Jean Cocteau

xxxxx

www.burmeseclassic.com

www.burmeseclassic.com



Poetry is what is last in translation.

It is also what is last in interpretation.

ကဗျာသည် ဘာသာပြန်လိုက်ပါက ပျက်တတ်၏။

အဓိပ္ပာယ်ဖွင့်ပါကလည်း ပျက်ပြန်သည်သာဖြစ်၏။

Robert Frost

xxxxx

www.burmeseclassic.com



"ဘာ. . . ခေတ်မီတဲ့ မော်ဒန်စတိုင် ဟုတ်လား၊ ဘာပေတံနဲ့ တိုင်းတာလဲကွ"

လေသံမာမာဖြင့်ဆိုလာသော ဆရာ၏အဆိုကြောင့် သူ တစ်ကိုယ်လုံး အေးခနဲ ဖြစ်သွားရသည်။ သွားပြီဟုလည်း တွေးဖြစ်သည်။

"ကျွန်တော်ခံစားရတဲ့အတိုင်း ပြောဖြစ်တာပါဆရာ"

သူ မျက်နှာငယ်လေးဖြင့် ဆိုဖြစ်သည်။ ဆရာက ပျက်ယွင်းသွားသော သူ့မျက်နှာကိုကြည့်ကာ သက်ပြင်းကိုချသည်။

"တဲ. . . မင်း ရိုကော်တာနဲ့ အသံဖမ်းထားတော့၊ အခု ငါပြောချင်တာတွေ ပြောတော့မယ်"

ဆရာ့စကားကြောင့် သူ အသံဖမ်းစက်ကို ဖွင့်ဖြစ်သည်။

"ကဗျာနဲ့ပတ်သက်တဲ့ ဆရာ့ခံယူချက်ကို သိချင်ပါတယ် ခင်ဗျ"

"ကိုယ်ကတော့ ကဗျာကို ကဗျာလိုပဲ ခံစားတယ်၊ တံဆိပ်တပ်တာ ဘာသာပြန်တာကို မကြိုက်ဘူး၊ Robert Frost ကတော့ ကဗျာဆိုတာ ဘာသာပြန်လိုက်ရင် ပျက်တတ်တယ်တဲ့၊ အဲ အဓိပ္ပာယ်ဖွင့်လိုက်ရင်လည်း ပျက်တာပဲတဲ့၊ ကိုယ်က အဲဒီခံယူချက်ကို သဘောကျတယ်၊ လက်ခံကျင့်သုံးတယ်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်တော်နားမလည်တာက ဆရာ

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ခေတ်မီတဲ့ မော်ဒန်စတိုင် ဟုတ်လား၊ ဘာပေတံနဲ့ တိုင်းတာလဲကွ"

လေသံမာမာဖြင့်ဆိုလာသော ဆရာ၏အဆိုကြောင့် သူ တစ်ကိုယ်လုံး အေးခနဲ ဖြစ်သွားရသည်။ သွားပြီဟုလည်း တွေးဖြစ်သည်။

"ကျွန်တော်ခံစားရတဲ့အတိုင်း ပြောဖြစ်တာပါဆရာ"

သူ မျက်နှာငယ်လေးဖြင့် ဆိုဖြစ်သည်။ ဆရာက ပျက်ယွင်းသွားသော သူ့မျက်နှာကိုကြည့်ကာ သက်ပြင်းကိုချသည်။

"ကဲ. . . မင်း ရီကော်တာနဲ့ အသံဖမ်းထားတော့၊ အခု ငါပြောချင်တာတွေ ပြောတော့မယ်"

ဆရာ့စကားကြောင့် သူ အသံဖမ်းစက်ကို ဖွင့်ဖြစ်သည်။

"ကဗျာနဲ့ပတ်သက်တဲ့ ဆရာ့ခံယူချက်ကို သိချင်ပါတယ် ခင်ဗျ"

"ကိုယ်ကတော့ ကဗျာကို ကဗျာလိုပဲ ခံစားတယ်၊ တံဆိပ်တပ်တာ ဘာသာပြန်တာကို မကြိုက်ဘူး၊ Robert Frost ကတော့ ကဗျာဆိုတာ ဘာသာပြန်လိုက်ရင် ပျက်တတ်တယ်တဲ့၊ အဲ အဓိပ္ပာယ်ဖွင့်လိုက်ရင်လည်း ပျက်တာပဲတဲ့၊ ကိုယ်က အဲဒီခံယူချက်ကို သဘောကျတယ်၊ လက်ခံကျင့်သုံးတယ်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်တော်နားမလည်တာက ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုသာဆိုရင် ကျွန်တော်က ဆရာ့ကဗျာတစ်ပုဒ်ကို ဖတ်ပြီး တော့ ကျွန်တော်ခံစားရသလို၊ ကျွန်တော်နားလည်သလို အဓိပ္ပာယ်ဖွင့်ဆိုခွင့် မရှိဘူးလားခင်ဗျ"

သူ့အမေးကို ဆရာကပြုံးရင်း ခေါင်းညိတ်သည်။

"ရှိတာပေါ့၊ မင်းကြိုက်သလို လွတ်လွတ်လပ်လပ် ခံစားလို့ ရတယ်၊ ဒါပေမယ့် အခြားနောက်ပရိသတ်တစ်ယောက်ကလည်း သူနားလည်တဲ့ ပုံစံတစ်မျိုးနဲ့ ခံစားမှာပဲ အဓိပ္ပာယ်ဖွင့်ဆိုမှာပဲ၊ အဲဒီ လိုပဲ နောက်ထပ်ပရိသတ်တစ်ယောက်ကလည်း သူခံစားရသလို အဓိပ္ပာယ်ထပ်ဖွင့်ပြီး ဘာသာပြန်နေဦးမှာပဲ၊ ကြိုက်သလို သဘော ထားကွဲလွဲခွင့်ရှိတယ်"

"ဒါဖြင့် ဆရာစောစောတုန်းက တံဆိပ်ကပ်တာကို မကြိုက်ဘူးလို့ ပြောခဲ့တာက ဘာကြောင့်ပါလဲ"

သူ စိတ်ပေါက်ပေါက်ဖြင့် မေးဖြစ်သည်။ ဆရာက မျက်နှာ ကို ခပ်မဲ့မဲ့လုပ်ရင်း ပြုံးသည်။ ပြီး ဟက်ခနဲရယ်သည်။

"လူတစ်ရာဖတ်ပြီး အဓိပ္ပာယ်ကွဲလွဲမှု အမျိုးပေါင်းတစ်ရာ ဖြစ်နေရင် ရှုပ်ထွေးကုန်မှာပေါ့၊ Jean Cocteau ကတော့ ကဗျာ ဆရာတစ်ယောက်အဖို့ ကြေကွဲစရာအကောင်းဆုံးက သူ့ကဗျာကို အဓိပ္ပာယ်တလွဲကောက်ပြီးတော့ ချီးမွမ်းခံရတာပဲလို့ ဆိုတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ 'ဟုတ်ကဲ့'ဟု စကားထောက်ဖြစ်သည်။

"ဒီတော့ ကဗျာဆရာရဲ့ ဆိုလိုရင်းကနေ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကွဲလွဲသွားရင် မကောင်းဘူးပေါ့ကွာ၊ ဆရာပြောချင်တာက ကဗျာကို ကြိုက်သလိုခံစားပါ၊ ကြိုက်သလိုလည်း ကွဲလွဲအဓိပ္ပာယ်ဖွင့်ချင်လည်း ဖွင့်ပါ၊ တံဆိပ်တော့ တလွဲကြီးကပ်ပြီး ဒါကဘယ်လိုကဗျာ၊ ဘာကဗျာ ဆိုတာမျိုး မလုပ်ပါနဲ့လို့ ပြောချင်တယ်"

"ဟုတ်ကဲ့"

နှုတ်မှ ဟုတ်ကဲ့ဟုဆိုဖြစ်သော်လည်း စိတ်ထဲမှနေ 'သူ့ယုံကြည်ချက်က တစ်မျိုးကြီးပါလား၊ အေးလေ သူ့စတိုင်လ်နဲ့သူပေါ့ကွာ'ဟု တွေးဖြစ်သည်။ နောက်ထပ် အများကြီးမေးဖြစ်ပြီး ဆရာကလည်း အများကြီးပြန်ဖြေသည်။ သူ့အတွက် ဗဟုသုတ တိုးခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ မြရိပ်ငြိမ်

ဒါရိုက်တာတစ်ဦးကို အင်တာဗျူးရန်အတွက် သူနှင့်ယွန်း အတူသွားရမည်ဟု မမချိုက ဆိုလာသောအခါ သူ အပျော်ကြီး ပျော်သွားရသည်။

"ယွန်းကို Message ပို့ပို့နေတဲ့ မင်းသားကိုပဲ ယွန်းက သွားဗျူးချင်တာ".

သူမက တစ်ယောက်တည်း ရေရွတ်သလိုလိုဖြင့် ဆိုသောအခါ သူအောင့်သီးအောင့်သက်ကြီး ခံစားလိုက်ရသည်။

စီးလာသောကားပေါ်မှ ဆင်းကာ ရှုတင်ဆီအသွား သူ၏ ယောကျ်ားဆောင်းခေါက်ထီးကို ဖွင့်ကာ သူမကို လိုက်ဆောင်းပေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖားပါနဲ့ ပုံမှန်ဆက်ဆံပါ"

သူမက ပြုံးစိစိဖြင့် သူ့ကို ရွှတ်နောက်နောက်ဆိုသည်။ ဒီလိုဆိုပြန်တော့လည်း သူမက ချစ်စရာကောင်းလွန်းမက ကောင်းနေပြန်သည်။

"ယွန်းနေပူမှာစိုးလို့ပါ၊ ကျွန်တော်က ယွန်းကို နေမခလေမခအောင် ဂရုစိုက်ချင်နေတာ၊ အဲဒါ ဘာဖြစ်လို့လဲမသိဘူးနော်"

"ဒါရိုက်တာကြီးတောင် ရောက်သေးရဲ့လားမသိဘူး"

သူ့စကားကို သူမက ပြောင်ပင် စကားလမ်းလွှဲပစ်သည်။

"ဟိုရောက်ရင် ယွန်းပင်ပန်းမှာစိုးလို့ ကျွန်တော် ဗျူးပေးရမလား၊ ဓာတ်ပုံလည်း ကျွန်တော်ပဲ ရိုက်ပေးမယ်လေ"

"မလိုပါဘူး ယွန်းတို့က ဒီအလုပ်ကို ဝါသနာပါလို့ လုပ်တာ၊ ဒီတော့ ဘယ်လောက်မောမော ပင်ပန်းတယ်လို့မထင်ဘူး၊ ယွန်းက ဗျူးမယ်၊ ကိုကောင်းသက်ဇော်က ဓာတ်ပုံရိုက်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

သူ အိုဗာအိုက်တင်ဖြင့် ဟုတ်ကဲ့ဟု ဆိုဖြစ်သည်။ 'ပိုရန်ကော'ဟု သူမက မျက်စောင်းထိုးသည်။

"ယွန်း"

"ဘာလဲ"

"ကျွန်တော့်ကို ခဏခဏ မျက်စောင်းမထိုးပါနဲ့ဗျာ၊ ကျွန်တော် မခံစားနိုင်ဘူး၊ ယွန်း မျက်စောင်းထိုးရင် ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခြေမကိုင်မိလက်မကိုင်မိနဲ့ ဘာလုပ်ရမှန်းကိုမသိဘူး"

"လဲသေပေါ့"

သူစကားအဆုံးမှာ သူမက ပေါ့ပေါ့ပါးပါးပင် 'လဲသေပေါ့' ဟု ရှက်အမ်းအမ်းဖြင့်ဆိုသည်။ ပြီး ရှေ့မှ ဆတ်တောက်ဆတ်တောက်ဖြင့် သွားနှင့်သည်။ သူရင်ခုန်လွန်း၍ ဘာဆက်လုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင်ဖြင့် နေရာမှာပင် ရပ်နေဖြစ်သည်။

သူမက ခြေလှမ်းငါးလှမ်းခန့် လှမ်းပြီးမှ နောက်သို့လှည့်ကြည့်သည်။ ပြီး နေရာမှာတင်ရပ်နေဆဲ သူ့ကို

"လာလေ"

ဟု ဆိုသည်။

သူ ခပ်သွက်သွက်ပင် သူမနောက်လိုက်ဖြစ်သည်။ သူနှင့်သူမ ရောက်သွားချိန်တွင် ရှုတင်အတွက် စတင်ပြင်ဆင်နေချိန်ဖြစ်သည်။

အင်တာဗျူးရန် ခွင့်တောင်းပြီး သူမက ဒါရိုက်တာကို အင်တာဗျူးသည်။ တစ်ချိန်လုံး အင်တာဗျူးနေသည်က အကောင်း အလယ်လောက်ရောက်မှ သူမက ထဖောက်သည်။

"ဆရာရိုက်တဲ့ ရှေ့ဇာတ်ကားမှာ မင်းသားက မိန်းမရှာကာရိုက်တာလုပ်ရာမှာ ပီပြင်တာကိုတွေ့ရပါတယ်ဆရာ၊ ဇာတ်ကားကလည်း အရမ်းပေါက်သွားတယ်နော်၊ အဲဒီကားအတွက် မိန်းမရှာဝတ်ရမဲ့ အဝတ်အစားတွေကို ဆရာဘာလို ဝယ်ဝတ်ခဲ့ပြီး စီစဉ်ခဲ့လဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ စကာဒ်လေးတွေ ဂါဝန်လေးတွေ ကိုယ်တိုင်ဝယ်ဝတ်ပြီးတော့ပေါ့နော်၊ အဲလေ ဟဲ့. . . ကလေးမ ဘာတွေမေးနေတာလဲ"

ဒါရိုက်ကြီးက ရောင်ရမ်းကာဆိုရင်းမှ ထကာအော်သည်။ ထိုအခါမှ သူမက ပြာပြာသလဲဖြင့်. . .

"sorry ဆရာ၊ သမီးမေးချင်တာ လောကြီးသွားလို့၊ သမီးမေးချင်တာက မိန်းမရှာဝတ်ရမဲ့ အဝတ်အစားတွေကို ဘယ်လိုစီစဉ်ပြီး ဝတ်ခိုင်းခဲ့လဲလို့ မေးချင်တာပါ"

ဟုဆိုသည်။

"အဲဒီလိုလုပ်ပါ သမီးရယ်၊ အဲဒီအဝတ်အစားတွေကဇာတ်ညွှန်းထဲမှာ ပါပြီးသားပဲ၊ မင်းသားကိုလည်း ဇာတ်ညွှန်းပဲပေးလိုက်တာ၊ သူ့ဘာသာသူ စီစဉ်လာတာပဲ၊ ဗေထုပ်ထဲက ရှာဝတ်သလား ဘာလားတော့ ဆရာလည်းမသိဘူး"

ဒါရိုက်တာကြီးက အရွှမ်းဖောက်သည်။ အတော်ကြာသည်အထိ အင်တာဗျူးပြီးနောက် သူခွင့်တောင်းကာ ဇာတ်ပုံရိုက်ဖြစ်သည်။

အားလုံးပြီးစီးချိန်မှာ သူတို့နှစ်ယောက် ဒါရိုက်တာကြီးတိုနှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။

"အဲဒါကြောင့် ပြောတာပေါ့၊ မေးခွန်းတွေကို အလွတ်မကျက်ပါနဲ့လို့"

လမ်းမှာ သူမကို သူစဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းတို့က မကျက်တာ၊ ကိုကောင်းသက်ဇော်တို့သာလေ မမချိုဆီကပ်ကပ်ပြီးတော့ ဘယ်လိုမေးခွန်းတွေ မေးရမလဲ တို့ဘာတို့ လုပ်နေတာ၊ တစ်ချိန်လုံး မမချို. . . မမချိုနဲ့"

သူမက သူ့ကို ပြန်၍ ပက်ခနဲဆိုသည်။

"ဘာလဲ ကျွန်တော် မမချိုဆီသွားတာကို ယွန်းက မခံစားနိုင်ဘူးပေါ့၊ အဲဒီသဘောလား၊ သဝန်တိုရင် တိုတယ်ပြောနော်၊ မသွားစေချင်ရင် မသွားဘူး"

"အောင်မာမာ. . . ဝေးပါသေးတယ်"

ရယ်ကျဲကျဲဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမက ရှက်အမ်းအမ်းဖြင့် ဆိုသည်။ ထိုစဉ်မှာပင် သူမ၏ဖုန်းမှ Message ring tone မြည်ကာလာသည်။

"ဟော. . . မင်းသားဆီကထင်တယ်"

သူမက သူ့ကို မချိုမချဉ်ဖြင့် လှမ်းကြည့်ရင်းဆိုသည်။ ပြီး ဖုန်းကို အိုဗာအက်တင်ဖြင့် ကြည့်သည်။

"ဒီကောင်ကွာ ငါ့ချစ်သူဆီကို ဘာတွေပို့နေတာလဲ"

သူပြောပြောဆိုဆိုဖြင့် သူမဆီမှဖုန်းကို ဆတ်ခနဲ လုဖြစ်သည်။

"ဒါဘာလုပ်တာလဲ ကိုကောင်းသက်ဇော်နော်၊ ပြန်ပေး ပြီးတော့ ဘာငါ့ချစ်သူလဲ၊ လူကို ရိသဲ့သဲ့မလုပ်နဲ့နော်၊ အယ်ဒီတာချုပ်အထိ တက်တိုင်ပစ်မှာ၊ ပေး. . . ဖုန်းပြန်ပေး"

သူမက မျက်နှာကြီးနီရဲနေအောင် ရှက်နေရာမှ ဆိုသည်။

"ကျွန်တော်က ယွန်းကို ချစ်နေတာကြာပြီ၊ ကိုယ်ကချစ်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့သူကိုမှ ချစ်သူလို့မပြောရင် ဘယ်လိုပြောမလဲ"

'မသိဘူး'ဟု သူမရှက်ဝဲဝဲဖြင့် ဆိုသည်။

"မသိရင်မှတ်ထား၊ ကိုယ်က ချစ်ရတဲ့သူဆိုရင် ကိုယ့်ချစ်သူပဲ၊ ယွန်းက ကျွန်တော့်ရဲ့ချစ်သူ၊ ကဲ ဟုတ်ပြီလား"

သူ၏ရယ်ကျဲကျဲ စကားအဆုံးမှာ သူမက 'ဖုန်းပြန်ပေး'ဟု ဆိုသည်။ မျက်နှာတစ်ခုလုံး နီရဲနေသော သူမကိုကြည့်ရင်း သူ ဟက်ခနဲရယ်ဖြစ်သည်။

"ကျွန်တော် ယွန်းကို အရမ်းချစ်တယ်ဗျာ၊ ယွန်းနဲ့ ကျွန်တော် အကြိမ်ပြဿနာတက်ကတည်းက ချစ်နေတာ"

"မပေးချင်လည်းနေ"

သူ့စကားကို သူမက ဘာမှမတုံ့ပြန်ဘဲ 'မပေးချင်လည်း နေ'ဟုဆိုကာ ဖုန်းကို မတောင်းတော့ဘဲ Taxi ကိုတားသည်။

"ရော့ပါ၊ ချစ်လို့စတာ"

Taxi ပေါ်သို့ ရောက်နေသော သူမကို ဖုန်းပြန်ပေးရာ သူမက ခပ်ဆောင့်ဆောင့် လှမ်းယူသည်။ ပြီး 'ကျွန်မနဲ့ မလိုက်လာနဲ့၊ ရှင့်ဘာသာရှင် ကားငှားပြီးပြန်၊ ကားဆရာ မောင်းတော့"

ဝူးခနဲထွက်သွားသောကားကို ကြည့်ရင်း သူရင်ခုန်စွာ ကျန်ရစ်ခဲ့သည်။ ဘယ်လိုကဘယ်လို စပြီး ရည်းစားစကား ပြောဖြစ်သွားမှန်း မသိသော်လည်း ပြောမိလိုက်ခြင်းအတွက် သူ ကျေနပ်သွားမိသည်ကတော့ အမှန်ပဲဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



သဝန်တိုမှုနဲ့ယှဉ်တဲ့ ဒေါသက အချစ်ကြောင့် မွေးဖွားလာတယ်။

သူတို့ကို နှိမ်နင်းနိုင်တာကတော့ အချစ်နဲ့သစ္စာ။

xxxxx

ဝိ း မို ၊ ၀၃၂၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ ယွန်း"

မဥ္ဇူ၏အမေးကို သူမ ဘာပြန်ဖြေမည်မှန်းသိအောင် သူ နားစွင့်ဖြစ်သည်။ သူမက သူ့ဆီ သွေးအေးအေးဖြင့် တစ်ချက် လှည့်ကြည့်သည်။ ပြီး. . .

"ရှုတင်သွားမလို့၊ မင်းသားလေးရဲ့ရှုတင်လေ"

ဟု မဥ္ဇူဘက်လှည့်ကာ ဆိုသည်။ သူမကိုချစ်သည်ဟု သူ Propose လုပ်ပြီးကတည်းက သူ့ကို ခပ်တန်းတန်း ခပ်ရှောင် ရှောင် ဆက်ဆံလာသည်မို့ သူ စိတ်လေနေချိန်မှာ ကြားရသော စကားကြောင့် သူ နင်ခနဲဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီနော်"

ပြောပြောဆိုဆို ထွက်သွားသော သူမကိုကြည့်ရင်း သူ ရင်တွေထူပူကာလာသည်။ အခုတလော ဇင်းမင်းသား၏သတင်း တိုင်း သတင်းယူလာသူက သူမဖြစ်နေသည်။ သူ ဘယ်လိုမှ ထိုင်ခုံ မှာဆက်မထိုင်နိုင်တော့။

ဆတ်ခနဲထရပ်ကာ သူလိုက်ထွက်ခဲ့ဖြစ်သည်။

"ကိုကောင်းသက်ဇော် ဘယ်လဲ"

ရန်နောင်၏အမေးစကားကို သူ ဘာမှပြန်မဖြေနိုင်တော့။ လမ်းမမှာ Taxi ငှားရန် စောင့်နေသော သူမဆီ သူဘယ်လိုရောက် လာမှန်း သူကိုယ်သူ မသိတော့။

"ယွန်း"

သူ့အသံကြောင့် သူမက လှည့်ကြည့်သည်။ ပြီး 'ဘာလဲ' ဟု ပုံမှန်အသံဖြင့် မျက်နှာကိုတည်ရင်းဆိုသည်။

"ကျွန်တော်လည်း ဟို. . အားနေလို့ လိုက်ခဲ့ပေးမယ်လေ၊ ယွန်းတစ်ယောက်တည်းဆိုတော့ စိတ်လည်းမချဘူး"

"အို. . . ရှုပ်ရှုပ်ယှက်ယှက်၊ တစ်ယောက်တည်းသွားချင် လို့ မလိုက်ခဲ့နဲ့၊ အလိုက်သိစမ်းပါ"

သူမ၏စကားက သူ့ရင်ကို ကျင်ခနဲ နာကျင်သွားစေ သည်။ 'အလိုက်သိစမ်းပါ'ဆိုပါလား။ ရှုပ်ရှုပ်ယှက်ယှက်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စကားက ရင်ထဲသို့ ဓားဖြင့်ထိုးခွဲလိုက်သလိုမျိုး။

"တစ်ယောက်တည်းတော့ မသွားပါနဲ့ယွန်းရယ်"

"ကျွန်မဘာသာ တစ်ယောက်တည်းပဲသွားသွား၊ တစ်ခြမ်းထဲပဲသွားသွား ရှင့်အပူမပါဘူး၊ ကဲပါ ကိုကောင်းသက်ဇော်ရယ် ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးနေစမ်းပါ၊ လာပြီး အာရုံမစားနဲ့"

သူမ၏စကားအဆုံးမှာ သူ ခံနိုင်ရည်မရှိတော့။

"မင်းတစ်ယောက်တည်း မသွားရဘူး"

ယွန်းတွေ ဘာတွေ လုပ်မနေနိုင်တော့။ 'မင်း'တွေ ဘာတွေဖြစ်ကုန်သည်။ ရင်ထဲမှာ ပူလောင်နေသည်ကလွဲပြီး ဘာမှမရှိ။ ဘာမှမသိတော့။

"အောင်မာ. . . အမိန့်လာမပေးနဲ့၊ ရှင်လည်း အလုပ်သင်သတင်းထောက်၊ ကျွန်မလည်း အလုပ်သင်သတင်းထောက် ဘာမှလာမကြောနဲ့၊ ကျွန်မက အဲဒီလိုအကြောခံတဲ့ လူစားမျိုး မဟုတ်ဘူး"

"အဲဒါတွေ ငါမသိဘူးကွာ၊ မင်းရုံးကိုပြန်တော့၊ အဲဒီရှုတင်ကို ငါသွားလိုက်မယ်၊ လိပ်စာပြော"

"မပြောဘူး၊ ရုံးလည်းမပြန်ဘူး၊ ရှုတင်ကို အခုသွားတော့ သွားဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်နှာကိုတည်ရင်းဆိုကာ တစ်ဖက်သို့ လှည့်ကာသွားသည်။ ပြီး Taxi တစ်စီးကို လက်ပြကာတားသည်။ Taxi ဆရာက လှူပါ၍ လက်ခါပြသွားသည်။

"ယွန်း. . . ကိုယ်ပြောနေတယ်နော်၊ မင်း အဲဒီရှုတင်ကို မသွားရဘူး"

"သွားမယ်၊ သွားတော့ဘာဖြစ်လဲ"

သူမက ပက်ခနဲ စကားကိုဆိုသည်။ သူ့ရင်ထဲမှာ ပူခနဲ။

"မင်းကို ငါက သိက္ခာရှိတယ်လို့ထင်နေတာ၊ မင်းက တော်တော်သိက္ခာမဲ့တဲ့မိန်းမပဲ၊ မင်းလုံးဝမသွားရဘူး၊ လာ ရုံးကို ပြန်လိုက်ခဲ့"

သူ သူမ၏လက်ကို ဆောင့်ဆွဲကာ ဖွတ်ခေါ်ဖြစ်သည်။ ဘာပြောမိမှန်းလည်း သူကိုယ်သူမသိတော့။ ကားဂိတ်မှာမို့ လူများ က သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြသည်။

လက်ကိုဆောင့်ဆွဲခံရသည်က တစ်ကြောင်း၊ သိက္ခာမရှိ တဲ့မိန်းမဟု အပြောခံရသည်ကတစ်ကြောင်းမို့ သူမမျက်နှာတွေ နီရဲကာသွားသည်။ ပြီး လူအများကလည်း ဝိုင်းကြည့်နေသည်မို့ ပိုရှက်သွားဟန်တူသည်။ လက်ကို ဆတ်ခနဲဆွဲကာ ရှန်းရင်း မျက်ရည်တွေ စို့တက်ကာ သူ့ကိုကြည့်သည့်အကြည့်တို့က ပြီးစူး စူး။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို နှောင့်လည်းနှောင့်ယှက်တယ်၊ ကျွန်မ သိက္ခာကိုလည်း စော်ကားတယ်၊ ကဲ စော်ကားဦး"

"ဖြန်း"

ပူခနဲဖြစ်သွားသော မျက်နှာကို အံ့အားသင့်စွာ၊ မယုံနိုင်စွာ ယောင်ရမ်းပြီး သူစမ်းမိလိုက်ချိန်မှာ သူမက သူ့ကို ခပ်စူးစူး ကြည့်သည်။

"ရှင့်လိုလူနဲ့ တစ်ရုံးထဲ အလုပ်လုပ်ရတာ ကျွန်မ သိပ်အသည်းနာတယ်၊ ရှင် အဆင့်ကိုမရှိဘူး"

ပြောပြီး ချာခနဲလှည့်ထွက်သွားသော သူမကိုကြည့်ရင်း သူ့ရင်တွေ နာတာကျန်ခဲ့သည်။ Taxi တစ်စီးကို တားကာ ထွက်သွားသော သူမကိုကြည့်ရင်း သူမရိုက်သွားသော ပါးကို ထပ်၍ စမ်းမိသည်။ ပါးပေါ်ကနာကျင်မှုထက် ရင်ထဲမှ နာသောနာကျင်မှု က ပို၍ခံရခက်သည်။ ပြီး သူမပြောသွားသော 'တစ်ရုံးထဲလုပ်ရတာ အသည်းနာတယ်'ဆိုသော စကားကတော့ သူ့ရင်ကို တစ်စစီ ဆွဲဖြဲသလို ခံရခက်စေသည်။

တစ်ရုံးထဲအတူနေရသည်ကို သူမက အသည်းနာသည် တဲ့လား။ သူ ဟက်ခနဲ ရယ်ဖြစ်သည်။ အချစ်က လူကို ဤကဲ့သို့ ပူလောင်စေသည်တဲ့လား။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဝင်လာသည်မို့ ကြည့်လိုက်တော့ မမချို၏ဖုန်း ဖြစ်နေသည်။

"ဟဲလို မမချို"

"အေး. . . မောင်လေး မနက်ဖြန် ရုံးပြန်တက်တော့။ မင်းကို အလုပ်သင်သတင်းထောက်ကနေ အငယ်တန်းသတင်းထောက်အဖြစ် ခန့်ထားလိုက်ပြီ၊ နောက် သိပ်မကြာခင်မှာ အကြီးတန်းသတင်းထောက် ခန့်ပေးမယ်လို့ အယ်ဒီတာချုပ်ကပြောတယ်၊ ဒါ ရာထူးတိုးပေးတဲ့စာကို ဝန်ထမ်းနှစ်ယောက်နဲ့ ပို့ခိုင်းလိုက်တယ်၊ ဒါပဲနော် မောင်လေး"

မမချိုက စကားကို ရှည်လျားစွာဆိုပြီး ဖုန်းချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မမချိုဆီ ဖုန်းပြန်ခေါ်ဖြစ်သည်။

"ဟဲလို မောင်လေး"

"မမချို ကျွန်တော် အလုပ်ထွက်စာတင်ခဲ့ပါတယ်၊ ကျွန်တော် အလုပ်ဆက်မလုပ်ဖြစ်တော့ဘူးဗျ"

"အဲဒါတော့ မမတို့မသိဘူး၊ မမတို့သိတာက မင်းရဲ့ထွက်စာတော့ ရောက်မလာဘူး၊ ခွင့်စာပဲ မမတို့ဆီရောက်လာတာ"

"ဗျာ. . . ခွင့်စာ ဟုတ်လား"

"အေးလေ. . . ယွန်းနှင်းဆီက လာပေးသွားတာ၊ ကဲပါ မမချိုမအားဘူး၊ ဖုန်းချလိုက်ပြီနော်၊ ဒါပဲ"

သူဖုန်းကိုကိုင်ရင်း အိမ်ရှေ့ရှိ ပန်းခြံထဲမှာ တစ်ယောက်တည်း အတွေးများစွာနှင့် ရပ်နေမိသည်။ သူ ရန်နောင်ကိုပေးခဲ့သည်က သေချာပေါက် ထွက်စာဖြစ်သည်။ ၎င်းထွက်စာက ဘယ်လိုလုပ် ယွန်းဆီရောက်ကာ ခွင့်စာဖြစ်သွားမှန်းမသိ။

"အဟမ်း. . . အဟမ်း"

သူ၏နောက်ကျောမှ ချောင်းဟန့်သံကြောင့် သူလှည့်ကြည့်တော့ မဥ္ဇူနှင့်ယွန်း။ မမချို လွှတ်လိုက်သည်ဆိုသော ဝန်ထမ်းနှစ်ယောက်က ဒါလားဟု သူတွေးမိသည်။

"အန်တီ့ကို မဥ္ဇူ ဝင်နှုတ်ဆက်လိုက်ဦးမယ်"

မဥ္ဇူက မချိုမချဉ်ဖြင့်ဆိုရင်း အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်ကာသွားသည်။ မဥ္ဇူရော၊ ယွန်းရော ရန်နောင်ပါ သူ့အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ရောက်ဖူးကြသည်။

"ရော့"

ယွန်းက သူ့လက်ထဲသို့ စာအိတ်နှစ်အိတ်ကို ထည့်ပေးသည်။ မျက်နှာကတော့ မချိုမချဉ်။ သူ့ရင်ထဲမှာတော့ ယွန်းကိုမြင်ရသည်မို့ ရင်ခုန်မိသလို ယွန်းပြောသောစကားများကို ပြန်ကြားယောင်ရင်း တစ်ဖက်မှာ ရင်နာမိသည်။

"အန်တီ့ကို သွားနှုတ်ဆက်လိုက်ဦးမယ်၊ အပေါ်က တစ်စောင်က ရုံးကပေးလိုက်တာ၊ အောက်ကတစ်စောင်ကတော့ ကိုယ့်ဟာကိုယ်ဖတ်ကြည့်"

ရှက်အမ်းအမ်းပုံစံဖြင့် ပြောရင်း အိမ်ထဲသို့ အမြန်ဝင်ကာ သွားသည်။

'ပထမ'စာကတော့ ရုံးမှပေးလိုက်သော စာဖြစ်သည်။ ဘာမှ ထူးထူးထွေထွေတော့မဟုတ်။ အငယ်တန်းသတင်းထောက် ခန့်အပ်ကြောင်း စာမျှသာ။

'ဒုတိယ'စာကိုကြည့်တော့ စာအိတ်၏ 'သို့'ဆိုသောနေရာမှာ 'ကိုကောင်းသက်ဇော်'ဟု ရေးထားကာ 'မှ'ဆိုသောနေရာမှာ 'ယွန်းနှင်းဆီ'ဟု ရေးကာထားသည်။

သူ စာအိတ်ကိုဖွင့်ကာ အထဲမှစာကို ရင်ခုန်စွာဖြင့် ဖြန့်ဖတ်ဖြစ်သည်။ လက်တို့ကမူ တဆတ်ဆတ် တုန်ကာနေသည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



ကို

ရိုက်မိတဲ့အတွက် ယွန်း တောင်းပန်ပါတယ်။

ယွန်းလည်း ကိုကောင်းသက်ဇော်ကို ချစ်ပါတယ်။

မနက်ဖြန် ရုံးတက်ရမယ်နော်။ ယွန်း လွမ်းလှပြီ။

အရမ်းချစ်တဲ့

ယွန်း

×××××

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ကမ္ဘာကြီးတစ်ခုလုံး ရပ်တန့်သွားသလိုမျိုး။ သူ့ခန္ဓာကိုယ်တစ်ခုလုံး မြောက်တက်သွားသလိုမျိုး ရင်ထဲမှာ လှပ်လှပ် လှပ်လှပ်ဖြင့် ဝုန်းဒိုင်းတွေ ကျဲကာနေသည်။ သူ အိမ်ထဲသို့ အပြေးတစ်ပိုင်းရောက်လာခဲ့သည်။

"ယွန်း"

သူ့ကို မဥ္ဇူရော ယွန်းပါ ညှော်ခန်းထဲမှာ ထိုင်နေရာမှ လှည့်ကြည့်ကြသည်။ ယွန်းမျက်နှာမှာ ရှက်ဝဲဝဲ အမူအရာတွေ ပြည့်နှက်နေသည်။

"ယွန်း. . . ခဏလေး ပြောစရာရှိလို့"

"မသွားရဘူး၊ အာအေးလာတော့မယ်"

မဥ္ဇူက ရယ်ကျဲကျဲဖြင့်ဆိုသည်။ သူ ယွန်းဆီရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ကိုပိုင်ပိုင်ကြီးဆွဲကာ အိမ်ရှေ့ပန်းခြံထဲ ခေါ်ခဲ့ဖြစ်သည်။

"ဘာဖြစ်တာလဲ"

နောက်မှနေ ပါလာသော ယွန်းက ခပ်ချွဲချွဲဆိုသည်။

"စောစောကပြောရောပေါ့ ယွန်းရယ်"

ပြောပြောဆိုဆို သူ ယွန်းကို တင်းကြပ်စွာ ဖက်ထားဖြစ်သည်။ ယွန်းက သူ့ရင်ဘတ်ကို တွန်းကာထားသည်။

"လွှတ်နော်. . . ဒီက လက်မြန်တာ သိတယ်မဟုတ်လား"

သူမက ဖွတ်ရှုန်းရင်း ခြိမ်းခြောက်စကားဆိုသည်။

"ဟား. . . ဟုတ်သားပဲ၊ အခုမှသတိရတယ်၊ ကိုယ် ယွန်းဆီက အကြွေးရဦးမှာပဲ၊ ဒီဘယ်ဘက်ပါးကို ရိုက်ခဲ့တာ မှတ်မိတယ်မဟုတ်လား"

BURMESE CLASSIC

သူ ညစ်ကျယ်ကျယ်ဖြင့် ဆိုဖြစ်သည်။

"မမှတ်မိဘူး၊ ရိုက်မိလို့လား၊ ယွန်းက မေ့တတ်တယ် သိလား"

"ဟောဗျာ. . . ယွန်း အဲဒီလိုတော့ မညစ်နဲ့ကွာ၊ ဒါဖြင့် စောစောက စာကရော ယွန်းပေးတာ မဟုတ်ဘူးလား"

"စာ. . . ဟုတ်လား၊ မသိပါဘူး၊ ယွန်း စာတစ်စောင်ပဲ ကိုကောင်းသက်ဇော်ကို ပေးခဲ့တာမဟုတ်လားလို့၊ မမချိုပေးခိုင်းတဲ့စာလေ၊ ကိုကောင်းသက်ဇော်ရဲ့ မမချို ပေးခိုင်းတဲ့စာ"

သူမက ညစ်ကျယ်ကျယ်ပြုံးရင်း ရှက်ဝဲဝဲဖြင့်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းက မေ့တတ်တယ်ပေါ့"

"ဟုတ်တယ်၊ မေ့တတ်တယ်"

သူ၏စကားကို သူမက ခပ်ချွဲချွဲဆိုသည်။

"မေ့တတ်တဲ့ ကောင်မလေးတွေကို သတိကောင်းလာအောင် လုပ်ပေးတဲ့နည်းရှိတယ်"

"ဘာလဲ မြင်းခွာရွက်ဆေးရည် တိုက်မလို့လား"

သူမက အရယ်တစ်ဂျက်ဖြင့် ဆိုသည်။

"မဟုတ်ဘူး၊ ကိုယ့်နည်းက ဒီလိုမျိုး"

သူ သူမကို ဆတ်ခနဲ လှမ်းဖက်ကာ ရင်ထဲဆွဲသွင်းထားရင်း အနမ်းမိုးတွေ စွတ်ရွာပစ်သည်။

"ကဲ မှတ်မိပြီလား"

"မှတ်မိပြီ၊ လွှတ်. . . လွှတ်၊ အော်လိုက်မှာနော်"

သူမက ခေါင်းကို စွတ်ငုံ့ကာထားရင်း ရှုန်းသည်။ သူ သူမ၏စကားကို မနာခံပါ။ လွှတ်ဟုဆိုသော သူမကို ပိုမိုတင်းကျပ်စွာ ဖက်ထားရင်း ပိုမိုသည်းသော အနမ်းမိုးကို ဆက်တိုက်. . . ဆက်တိုက်. . . ဆက်တိုက်. . .။

ကျေးဇူးတင်စွာဖြင့်

ပြည့်ပိုင်မျိုးအိမ်

BURMESE CLASSIC



www.burmeseclassic.com